၁၁၈၉၇

သုံးဆဲ့တဘုံ - သံသရာဇာတ်ခုံ - ဒုက္ခရုံကြီးမှ

ထွက်ရပ်လမ်းပေါက်ကို ဖွင့်ပြသော

**မြိုင်နံ့သာ - ဦးကုဏ္ဍလ**

**ရေး**

# ဘဝစကြာ

## သံသရာ

**ဒုတိယအကြိမ် (၂၅၁၀)**




မြိုင်နံ့သာ

**သန်း-စာပေဖြန့်ချိရေးဌာန**

အမှတ် (ဘီ-၇၀)၊ စက်လမ်း၊ သာယာကုန်း၊ ရန်ကုန်မြို့။

(မူပိုင်-ဒေါ်သန်း)        အဘိုး၊ - ၁၅၊

# ၁၉၅၉-ခုနှစ်၊ ပုံနှိပ်သူများနှင့် ထုတ်ဝေသူများ (မှတ်ပုံတင်)အက်ဥပဒေပုဒ်မ ၇-(င)အရ ပေးအပ်သောဝန်ခံချက်များ

အောက်တွင် လက်မှတ်ရေးထိုးသူ ကျွန်မ ဒေါ်ဝါနီးသည်၊ ၁၉၅၉ ခုနှစ်၊ ပုံနှိပ်သူများနှင့် ထုတ်ဝေသူများ (မှတ်ပုံတင်) အက်ဥပဒေ၏ ဒုတိယဇယားတွင် ဖော်ပြထားသည့် အောက်ပါဝန်ခံချက်များနှင့်အညီ တာဝန်ယူ ဆောင်ရွက်ရန် ဂတိခံဝန်ချက်ပြုပါသည်။

(က) ပြည်ထောင်စုမြန်မာနိုင်ငံ၏ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတွင်ပါရှိသော မူလအခွင့်အရေးများကို ပျက်ပြားစေရန် ကြံရွယ်သော၊ သို့တည်းမဟုတ်ပျက်ပြားမည့်အကြောင်းဖြစ်စေသော မည်သည့် အကြံပေးမှု၊ တိုက်တွန်းမှု၊ လှုံ့ဆော်မှု၊ သို့တည်းမဟုတ် ဝါဒဖြန့်မှုမျိုးကိုမဆို မည်သည့်အခါမျှ မပြုပါ၊

(ခ) ဘာသာရေး ဆိုင်ရာ ကိုးကွယ်မှုကို ညှော်ရန်း၊ သို့ ကြည်ညိုမှုကိုသော်ငြင်း၊ မည်သည့်အခါမျှ မပုတ်ခတ်၊ သို့တည်းမဟုတ် မရှုတ်ချပါ။

(ဂ) နိုင်ငံရေးအာဏာကို လက်နက်ဖြင့် သိမ်းယူရန် မည်သည့်ရှေ့ရှုချက်၊ သို့တည်းမဟုတ် ကျင့်သုံးချက်မျိုးကိုမဆို၊ မည်သည့်အခါမျှ ထောက်ခံခြင်း၊ တိုက်တွန်းခြင်း၊ လှုံ့ဆော်ခြင်း၊ အားပေးခြင်း၊ သို့တည်းမဟုတ် ဝါဒဖြန့်ချိပေးခြင်းမပြုပါ။

(ဃ) ပြည်ထောင်စု မြန်မာနိုင်ငံတော်တွင် မည်သို့သော နိုင်ငံရေးအာဏာရှင်စနစ်မျိုးကိုမဆို၊ ရှေ့ရှုရန် တည်ထောင်ရန်၊ သို့တည်းမဟုတ် ကျင့်သုံးရန် မည်သည့်အခါမျှ ထောက်ခံခြင်း၊ တိုက်တွန်းခြင်း၊ လှုံ့ဆော်ခြင်း၊ အားပေးခြင်း၊ သို့တည်းမဟုတ် ဝါဒဖြန့်ချိပေးခြင်း မပြုပါ။

(င) အတိုက်အခံ နိုင်ငံရေး အဖွဲ့အစည်းများ ထားရှိခွင့်ပြုသော ပါလီမန် ဒီမိုကရေစီ စနစ်ကို ပျက်ပြားစေရန် ကြံရွယ်သော

# မှတ်ပုံတင်အက်ဥပဒေ

သို့တည်းမဟုတ် ပျက်ပြားစေမည့် အကြောင်းဖြစ်စေသော မည်သည့် အကြံပေးမှု၊ တိုက်တွန်းမှု၊ လှုံ့ဆော်မှု၊ အားပေးမှု၊ သို့တည်းမဟုတ် ဝါဒဖြန့်မှုမျိုးကိုမဆို၊ မည်သည့်အခါမျှ မပြုပါ။

(စ) လျှို့ဝှက်ရဲအဖွဲ့ (　　) ဖွဲ့စည်း၍ စိုးမိုး အုပ်ချုပ်သည့် စံနစ်မျိုး တည်ဆောင်ခြင်းကိုသော်၎င်း၊ တည်ထောင်ရန် ကြံစည်အားထုတ်ခြင်းကိုသော်၎င်း၊ မည်သည့်အခါမျှ အကြံပေးခြင်း၊ လှုံ့ဆော်ခြင်း၊ တိုက်တွန်းခြင်း၊ ထောက်ခံခြင်း အားပေးခြင်း၊ သို့တည်းမဟုတ် ဝါဒဖြန့်ချိပေးခြင်း မပြုပါ။

(ဆ) အခြားနိုင်ငံ တခုခုမှ ဖြစ်စေ၊ နိုင်ငံခြားသားများထံမှ ဖြစ်စေ၊ ရံပုံငွေအတွက် ငွေကြေး၊ သို့တည်းမဟုတ် ပစ္စည်းအကူအညီ အထောက်အပံ့ကို မှတ်ပုံတင် အာဏာပိုင်၏ ကြိုတင် သဘောတူ ခွင့်ပြုချက်မရဘဲ၊ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ မည်သည့် အခါမျှ လက်ခံခြင်းမပြုပါ။

(ဇ) ပြည်ထောင်စု မြန်မာနိုင်ငံ၏ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ၏မူများကို ဆန့်ကျင်သော အဖွဲ့အစည်းများနှင့်လုပ်ငန်းများကို မည်သည့်အခါမျှ ထောက်ခံခြင်း၊ အားပေးခြင်း၊ သို့တည်းမဟုတ် ဝါဒဖြန့်ခြင်းမပြုပါ။

သန်း-စာပေဖြန့်ချိရေးဌာန။

အမှတ် (ဘီ-၇၀) သာယာကုန်း၊ ရန်ကုန်မြို့။

(ဒေါ်သန်း)
ထုတ်ဝေသူလက်မှတ်

# မာတိကာ

ဦးရေ၊ အကြောင်းအရာ။ စာမျက်နှာ။


နိဒါန်း

ပဏာမ

၁။ မျက်ကွယ်ဗျာဒိတ် ၁၁

၂။ ရင့်မာတကျပ် ၁၃

၃။ နည်းစုံအောင်မှတ် ဂုဏ်တော်မြတ် ၁၄

၄။ မန္တာန်တော်အကြောင်း ၂၀

၅။ အနန္တမန္တာန် ပုတီးစိတ်နည်း ၂၂

၆။ ဗုဒ္ဓအံ့ဘွယ်(၁၈)ပါး ၂၄

၇။ ဟိရိဩတ္တပ္ပ (၂)ပါး ၂၈

၈။ ဘုန်းတော်ကြီး ဦးသီလငါးပါးသီလပေးပုံ ၃၄

၉။ နိမ့်တုံ မြင့်တုံ ဘဝမျိုးစုံ ၄၁

၁၀။ စိတ်အစဉ် ၄၅

၁၁။ သတ္တဝါသေပြီး ဘဝသစ်ကူးပုံ ၄၉

၁၂။ ပဋိသန္ဓေစွဲတည်ပုံ ၅၀

၁၃။ လမ်းကြောင်းသုံးဖြာ သံသရာ ၆၀

၁၄။ သေမင်းလက်အောက်ခံများ ၆၇

# မာတိကာ


၁၅။ သောတာပန် ၆၉

၁၆။ ပုထုဇန်တို့ရက်စက်ပုံ ၇၃

၁၇။ ယခုခေတ်နှင့်အရိယာ ၇၆

၁၈။ ဈာန်ပျံရသေ့ ၈၀

၁၉။ ပုထုဇန်ကိုရင်ကလေး ၈၂

၂၀။ ကိုယ့်သံသရာနှင့်ကိုယ် ၉၇

၂၁။ ဘုရားမပွင့်သောကာလ ၉၉

၂၂။ ဘုရားပွင့်ရာကာလ ၁၀၀

၂၃။ ပြိတ္တာ ၁၀၁

၂၄။ ယမမင်းကြီးရုံးထိုင်၍စစ်ပြီ ၁၀၈

၂၅။ ပွဲသိမ်းဒေသနာ ၁၁၂

# နိဒါန်း

သံသရာဆိုသည်မှာ တယောက်တယောက်သော သတ္တဝါဟု ဆိုအပ်သော ခန္ဓာအာယတန ဓာတ်တို့၏ အနုမတဂ္ဂ သံသရာကာလ၌၊ ဘဝ အဆက်ဆက် ကမ္ဘာ အဆက်ဆက်အားဖြင့် အစဉ်မပြတ် လည်လျက်ရှိသော အစဉ်သည် သံသရာမည်၏။

သို့ကြောင့် သံသရာသည်ရှိ၏၊ သံသရာ ဝဋ္ဋဒုက္ခသည်ရှိ၏၊ သံသရာဝဋ္ဋဒုက္ခမှ လွတ်ခြင်းသည်ရှိ၏၊ ရဟတ်ကြော လည်သကဲ့သို့ ဆုံးစမထင် အစဉ် မပြတ် လည်လျက်ရှိသော ဝဋ္ဋဒုက္ခ သံသရာမှ ထွက်ရာလမ်းကြောင်းကို ဖွင့်ပေါ်ပြသ လမ်းညွှန်နိုင်သော ပုဂ္ဂိုလ်ကား ရှင်တော်ဗုဒ္ဓပင်ဖြစ်ပေသည်။

သံသရာတွင် ကျင်လည်စေတတ်သော အထက်လမ်းအောက်လမ်းတရားများကား၊ ဗုဒ္ဓပွင့်ပေါ်သည်ဖြစ်စေ၊ မပွင့်ပေါ်သည်ဖြစ်စေ၊ ရှိမြဲရှိနေပေသည်။ ၎င်းတို့မှာ အပါယ်ရောက်ကြောင်း အောက်လမ်းတရားစုနှင့် လူ, နတ်, ဗြဟ္မာ ဖြစ်ကြောင်း အထက်လမ်း တရားစုတို့ပင် ဖြစ်ပေသည်။

ထိုတရားစုမှာ ဘဝသံသရာမှ ထွက်မြောက်ကြောင်းမဟုတ်၊ ထွက်ရပ်လမ်း တရားမဟုတ်၊ သံသရာမှ ထွက်ရပ်လမ်းတရားကား ရှင်တော်ဗုဒ္ဓ ပွင့်ပေါ်မှသာလျှင် ပေါ်ပေါက်နိုင်သည့် မဇ္ဈိမ ပဋိပဒါ မဂ္ဂင်ရှစ်ပါး အကျင့်တရားပင် ဖြစ်ပေသည်။

ဤဘဝစကြာသံသရာ စာအုပ်ငယ်တွင်၊ ထိုထွက်ရပ်ပေါက် ပဇ္ဈိမ ပဋိပဒါ အထက်လမ်း တရားသဘောများကို အကျယ်

# နိဒါန်း

ဖွင့်ပြလျက်၊ ဘ၀စကြာသံသရာမှ ထွက်မြောက်ကာ၊ အောက် လမ်းအထက်လမ်းတို့၌၊ မကျင်လည်စေဘဲ၊ နိဗ္ဗာန်တည်းဟူသော အေးငြိမ်းချမ်းသာ လွန်သာယာသည့် မဟာအမတ အမြိုက် တရားကိုခံစားရရှိ ဘ၀စကြာသံသရာ၌ နာမ်ခန္ဓာဆိတ်သုဉ်းဘိ၍ ဝဋ္ဋဒုက္ခကင်းလွတ်မည့်လမ်းစဉ်ကို ချဲ့ထွင်စေဘန် စီမံရေးသား ထားသည် ဖြစ်ပေကြောင်း။

သွားချင်ပါလျက် မရောက်ခက်၊ ကျင့်ချင်ပါသော် လမ်းစဉ် ချော်၊ ဒါးများပါလျက် သွားမထက် ဆိုသည့်အလား၊ မိမိ ရည်ရွယ်ချက်လည်း ပြည့်မြောက်၊ သံသရာ့ဇာတ်ခုံ ဒုက္ခရုံကြီးမှ ထွက်မြောက်လိုစေသော ပါရမီရှင်များလည်း ခရီးပေါက်ဆိုသော စကားနှင့်အညီ၊ဤစာအုပ်ကိုဘတ်ရှုသူတိုင်း မိမိတို့၏အနာဂါတ် လမ်းမှန်ကို မိမိတို့သာ ပြုပြင်ဖန်တီး၍ သွားနိုင်ကြပါစေဟူသော ကောင်းမြတ်သော အာသီသကို ရှေ့ထား၍ ဖော်ပြ အပ်ပေ သတည်း။

(ပုံ) မြိုင်နံ့သာ ဦးကုဏ္ဍလ

ရွှေဘုန်းပွင့်ကျောင်း

ပုဇွန်တောင်၊ ရန်ကုန်မြို့။

# ပဏာမ

နမောတေ သဗ္ဗ ဒဿာဝိ၊

နမောတေ တရုဏာကရ။

နမောတေ တိဏ္ဏ သံသာရ၊

နမောတေ အမတံဒဒ။

သဗ္ဗဒဿာဝိ၊ တရားဥဿုံ အလုံးစုံကို အကုန် သိမြင်တော်မူသောမြတ်စွာဘုရား။ တေ၊ ရှေ့ဘုန်းတော်သခင်အရှင်မြတ်ဘုရားအား။ နမော၊ ရှိသေမြတ်နိုး လက်စုံမိုး၍ ရှိခိုး ကန်တော့ပါ၏ဘုရား။ ကရုဏာကရ၊ မဟာကရုဏာတော်၏ တည်ရာအစစ်ကြီးဖြစ်တော်မူသော မြတ်စွာဘုရား။ တေ၊ ရှေ့ဘုန်းတော်သခင် အရှင်ဘုရားအား။ နမော၊ ရှိသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးကန်တော့ပါ၏အရှင်ဘုရား။ တိဏ္ဏသံသာရ၊ ဩဃလေးဖြာ သံသရာမှ ထွက်ကြွခင်ရောက်တော်မူပြီးသော မြတ်စွာဘုရား။ တေ၊ ရှေ့ဘုန်းတော်သခင် အရှင်မြတ်ဘုရားအား၊ နမော၊ ရှိသေမြတ်နိုးလက်စုံမိုး၍ ရှိခိုးကန်တော့ပါ၏ဘုရား။ အမတံဒဒ၊ ဆုမွန်ကဲမြတ် နိဗ္ဗာန်ကို ကေန်ပေးသနားတော်မူသော မြတ်စွာဘုရား။ တေ၊ ရှေ့ဘုန်းတော်သခင် အရှင်မြတ်ဘုရားအား။ နမော၊ ရည်ညွှတ်သဒ္ဓါ စေတနာဖြင့် ပန်ထွာမြတ်နိုး လက်စုံမိုး၍ ရှိခိုးကန်တော့ပါ၏ အရှင်ဘုရား။

ဇိန သာသနံ စိရံ တိဋ္ဌတု

# ဘဝစကြာသံသရာ

နမောတဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ။

သက်ရှိသက်မဲ့ အားလုံး သတ္တဝါ,ရေ, မြေ, တော တောင် ဟူသမျှမှာ သဘာဝတရား၏ ဖန်တီးချက်တွေသာဖြစ်၍၊ နိယာမစဉ်လာကို မသိသော ဘာသာများတွင်သာ ...ဘုရားသခင်ဖန်ဆင်းသည်၊ ဘုရားက လုပ်သည်ဟု ပြောကြသည်။ အမှန်မှာ.....သတ္တဝါသင်္ခါရဖြစ်စေ၊ ရေ,မြေ,တော,တောင် သင်္ခါရဖြစ်စေ၊ ဘယ်ဘုရားကမျှ မဖန်ဆင်းခဲ့ပေ၊ အကြောင်းတရား လေးပါးဖြစ်သော ကံ,စိတ်,ဥတု,အာဟာရသည်သာ သင်္ခါရတရားတွေကို ဖန်ဆင်း၍ နေလေသည်၊ ဥတုသည် ရေ,မြေ,တောတောင်စသည် သင်္ခါရကို ဖန်ဆင်းသည် ကံ,စိတ်,ဥတု,အာဟာရသည် သတ္တဝါသင်္ခါရကို ဖန်ဆင်းသည်၊ အကျိုးအကြောင်းကို သိတော်မူသော ဘုရားရှင်က တပည့်များအား သိတော်မူသော အကြောင်းအကျိုးကို ပြန်၍ ဟောကြား တော်မူ၏။ အကြောင်းအကျိုး သိတာ ဘုရား။

ဗုဒ္ဓံ အသိဉာဏ်မြင်ဘုရားရှင်ကို။ သရဏံ သရဏံ ဣတိ၊ အားကိုးရာ-အားထားရာဟူ၍။ ဂစ္ဆာမိ ဆည်းကပ်ပါ၏ အရှင်ဘုရား။ ဓမ္မံ၊ တရားတော်မြတ်ကို။

အားကိုးပါ၏, အားထားပါ၏, ယုံကြည် သိမှတ်ပါ၏ အရှင်ဘုရား။ သံဃံ၊ သံဃာတော်မြတ်ကို အားကိုးပါ၏, အားထားပါ၏, ယုံကြည်သိမှတ်ပါ၏အရှင်ဘုရား။

ဘုရားဆိုတာ တရားကျင့်နည်းကို သူတပါးထံမှ နည်းမခံဘဲ၊ ကိုယ်ပိုင်ဉာဏ်နှင့် ရှာပြီးတွေ့တယ်။ အဲဒီ နည်းအတိုင်း ကိုယ်ပိုင်ဉာဏ်ဖြင့် ကျင့်ပြီး ကိလေသာ အလုံးစုံလဲ ကင်းကွာတယ်။ တရားအလုံးစုံကို အကုန် သိတယ်။ ရဟန္တာ ဆိုတာကတော့ တရားကျင့်နည်း ကို ကိုယ်ပိုင်ဉာဏ်နှင့်မသိဘူး။ ဗုဒ္ဓ၊ ဘုရားထံမှ နည်း ခံပြီး ကျင့်ရမှ ကိလေသာ အကုန်ကင်းသည်၊ ဒါပေမဲ့ ဘုရားလိုတော့အလုံးစုံကိုအကုန်မသိနိုင်၊ တန်ခိုးဣဒ္ဓိ ပါဒ်နှင့်လဲ ရဟန္တာတိုင်းမှာ ပြည့်စုံတာမဟုတ်၊ ပြည့် စုံတဲ့ရဟန္တာမှာလဲ၊ ဗုဒ္ဓဘုရားလို အကုန်လုံးပြည့်စုံ သည်မဟုတ်၊ တစိတ် တဒေသ လောက်သာ ပြည့်စုံ သည်။ ဗုဒ္ဓ ဘုရားရှင်ကတော့ တလောကလုံး အကြွင်း အကျန်မရှိ အကုန် သိတော်မူသည်။

သမထ,ဘာဝနာကို အားထုတ်လျှင် ဈာန်ရိုးရိုး လောက် ရတာလဲရှိသည်။ အဘိဉာဏ်ပါ ရတာလဲ ရှိ သည်။ ဝိပဿနာ,ဘာဝနာ အားထုတ်လျှင် မဂ်ဖိုလ် လောက် ရတာလဲရှိသည်၊ အဘိဉာဏ်ပါ ရတာလဲ ရှိသည်။ ဒီပုဂ္ဂိုလ်တွေထဲမှာ အဘိဉာဏ်ခေါ်တဲ့ ဉာဏ် ထူးများပါရသည်၊ ထိုပုဂ္ဂိုလ်ဟာ ရှေးဘဝနောက်ဘဝ တွေကို သိနိုင်,မြင်နိုင်သည်။ ဈာန် မဂ်ဖိုလ်လောက်ရတဲ့

ပုဂ္ဂိုလ်များကတော့ မသိနိုင်၊ ဗုဒ္ဓ သုရားရှင်ကတော့ တလောကလုံး သိစရာရှိသမျှတွေကို အကြွင်းအကျန်မရှိ အကုန်သိတော်မူ၏။

အရှင်သာရိပုတ္တရာ အရှင်မြတ်သည်၊ ကောင်းကင် အနှံ့ အပြား ရွာသွန်းသောမိုးပေါက်-မိုးရေ-မိုးပေါက်တို့ကို မဟာသမုဒ္ဒရာအတွင်း မည်မျှကျသည်၊ တောတောင် အထွင်း မည်မျှကျသည်ဟု မကြွင်းမကျန် ရေတွက် တော်မူနိုင်၍၊ ပညာအရာ၌ ဧတဒဂ်ရသော အရှင်မြတ် ပင်ဖြစ်သော်လည်း၊ တဦးသောသူအား သောတာပန် အဖြစ် တည်အောင် မတတ်နိုင်ပေ။

အရှင်မြတ်သည် သူဌေးသား အဖြစ်၌ ဦးပတိဿ ဟူသော အမည်ဖြင့် မသေတတ်သော တရားကို ရှာ တော်မူသောကာလ၊ ကောလိတဟူသော အရှင်မောဂ္ဂ ထံ-အလောင်းနှင့်တကွ၊ သိဉ္စည်း ဆရာကြီးထံ နှစ်ဦး တိုင်ပင်၍ တလမ်းစီ သွားရောက်ပြီး၊ ရှာတော်မူသော အခါ၊ အရှင် အဿဇိ မထေရ်မြတ်ကို ဆွမ်းခံကြွချင် ရာ၌ အမူအရာ သိမ်မွေ့လှ၍၊ အရှင်၌ တရားထူးရှိရာ ၏ဟု ကြံပြီးသကာလ၊ မြတ်စွာဘုရားဟောကြားတော် မူသော တရားတော်မြတ်ကို ဟောကြားတော်မူရန် လျှောက်ထားသည့်အတိုင်း၊ ယေဓမ္မာ ဟေတု ပဘဝါ- ဟူသော ၄-လုံး တပါဒရှိသည့် တရားတော်ကို အရှင် အဿဇိမထေရ်က ဟောကြားတော်မူသော အခါ၌၊

အနက် အဓိပ္ပါယ်ကို အကုန်သိမြင်ကာ၊ သောတာပတ္တိ ဖိုလ်၌ တည်တော်မူလေသည်။

လက်ဝဲတော်ရံ အရှင်မောဂ္ဂလာန် သည်လည်း၊ မြေကိုလေဖြစ်အောင်, လေကို မြေဖြစ်အောင် ဖန်ဆင်းတော်မူနိုင်သဖြင့် တန်ခိုးအရာ၌၊ ဧတဒဂ် ရတော် မူသော အရှင်မြတ်ဖြစ်သော်သည်း၊ တဦးသော သူအား သောတာပန်တည်အောင် မတတ်နိုင်ပေ၊ သူဌေးသားအဖြစ်မှ ကောလိတ ဟူသော အမည်ဖြင့် မသေတတ်သော တရားကို ရှာတော်မူစဉ်၊ အရှင်သာရိပုတ္တရာအလောင်းတော်သည်၊ အရှင်အဿဇိထံမှတရားတော်ကိုနာကြားရ၍ ပြန်ခဲ့သောအခါ၊ အမူအရာကို မြင်လျှင် မြင်ခြင်းသိတော်မူသည့်အတွက် အရှင်နာခဲ့ရသောတရားတော်ကို ဟောတော်မူပါဟု တောင်းပန်သဖြင့်၊ အရှင် အဿဇိထံမှ နာကြားခဲ့ရသော တရားတော်ကိုတဖန် ဟောကြားတော်မူရာ၊ တရားအဆုံး၌ သောတာပတ္တိ ဖိုလ်၌ တည်တော်မူ၏။

## သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ

ဒါနအဆိုင်ဆိုင် သတ္တိချင်းပြိုင် ဓမ္မဒါနကနိုင်ဟု ကျမ်းဂန်လာရှိသည့်အတိုင်း၊ စိတ်စေတနာ ကောင်းထား၍ လှူဒါန်းသော အလှူရှင် မေတ္တာတရားတွေကို သံသရာ တကော့ တွေ့ကြုံရမဲ့ ဘဝ အခြေအနေက အဖြေထွက်ပါလိမ့်မည်။

သို့ကြောင့် ဗုဒ္ဓဝိသယဆိုတဲ့ဘုရားသခင်တို့ရဲ့ အရာ မကြံစီ ထိုက်ဘူးလို့ ဆိုလိုသည်။ ဗုဒ္ဓဝိသယဆိုဒါ အခြားမဟုတ်ဘူး။ သဗ္ဗညုတ ဉာဏ်တော် အစရှိတဲ့ ဘုရားဂုဏ်တော်များကို ဆိုပါသည်၊ အလုံးစုံသော တရားကို သိတော်မူခြင်း၊ ဝါသနာနှင့်တကွ၊ ကိလေ သာတို့ကို ပါယ်စွန့်တော်မူခြင်း၊ လောကသုံးပါးကို မြင်တော်မူခြင်းစသောဂုဏ်တော်များကိုဘယ်လိုသိပါ လိမ့် စသည်ဖြင့် ကြံစီစိတ်ကူးလို့ မရနိုင် မသိနိုင်၊ ကြံစီ စိတ်ကူးသော်လည်း၊ စိတ်နောက်ခြင်းနှင့် စိတ်ပင်ပန်း ခြင်းသာဖြစ်ရာ၏။ ဘုရားလို သိခြင်လျှင် ဘုရားဖြစ် အောင် အလုပ်ကိုလုပ်၊ ကြံစီ စိတ်ကူးနေရုံနှင့် မရနိုင် မသိနိုင်ဘူးတဲ့။

ဈာနဝိသယော- ဈာန၏အရာ ဆိုတာကလဲ တခြား မဟုတ်၊ မြေလျှိုးမိုးပျံ တန်ခိုးဖန်ဆင်းခြင်း၊ ဝေးနည်း ကာသီးနေတဲ့ အာရုံများကို မြင်ရခြင်း၊ ကြားရခြင်း၊ ရှေ့ဘဝ နောက်ဘဝတွေကိုအောက်မေ့ နိုင်ခြင်းစတဲ့ အဘိညာဏ်တန်ခိုးအရာကို ဆိုပါသည်။ အဲဒီတန်ခိုးတွေ ကိုလဲ ဘယ်လို မြေလျှိုးမိုးပျံပါလိမ့်၊ ဘယ်လိုအောင်း မေ့ပါလိမ့် စသည်ဖြင့် ကြံစီစိတ်ကူးလို့ မရနိုင်ဘူး ဒါကြောင့် မကြံစီထိုက်ဘူးလို့ ဟောတော်မူသည်။

ကမ္မဝိပါက ဆိုတာလဲ တခြားမဟုတ်၊ ဒိဋ္ဌဓမ္မ ဉပပဇ္ဇစတဲ့ ကံတို့ရဲ့ အကျိုးပေးပုံ အကုသိုလ်ကံ

ကြောင့် ငရဲ,တိရစ္ဆာန်,ပြိတ္တာ,အသူရကာယ်ဖြစ်ကြ၍၊ ကုသိုလ်ကံကြောင့် လူ,နတ်,ဗြဟ္မာ ဖြစ်ကြတယ်။ ကံကို ကြည့်ပါယ်ပြီးတော့ ဘာပြုလို့ ငရဲ,တိရစ္ဆာန်,ပြိတ္တာ, အသူရကာယ် ဖြစ်ရပါလိမ့်၊ ဘာပြုလို့ လူ,နတ်,ဗြဟ္မာ ဖြစ်ရပါလိမ့်စသည်ဖြင့် ကြံစီစိတ်ကူးလို့ မရနိုင်ဘူးတဲ့ မသိနိုင်ဘူးတဲ့၊ ကံ၏ အကျိုးပေးပုံကိုလည်း မကြံစီ ကောင်းဘူးလို့ ဟောတော်မူသည်။

ဤ ဗုဒ္ဓဝိသယ၊ ဈာနဝိသယ၊ ကမ္မဝိပါက ၃-ပါးကို သာမာန်ပုဂ္ဂိုလ် အရာမဟုတ်လို့ မကြံစီကောင်းဘူးဟု ဆိုလိုသည်။ လောကဝိသယ ဆိုတာကတော့ လ,နေ တို့ကို ဘယ်သူလုပ်ထားပါလိမ့်၊ သမုဒ္ဒရာကို ဘယ်သူ တူးထားပါလိမ့်၊ မဟာပထဝီမြေကြီးကို ဘယ်သူစီမံ ထားပါလိမ့်၊ သတ္တဝါတွေကို ဘယ်သူဖန်ဆင်းထားပါ လိမ့်၊ သရက်ပင်,အုန်းပင်,ထန်းပင်တို့ကို ဘယ်သူအစ စိုက်ပျိုးထားပါလိမ့် စသည်ဖြင့် ရှေးရှေးက လောကာ ယတ ဆရာတွေကြံစီသလို မကြံစီကောင်းဘူးတဲ့၊ တာ တွေဟာ လောကတံထွာ ဓမ္မတာအလျောက် ဓါတ်သ ဘာဝအလျောက် ဖြစ်နေကြတာမို့ ကြံစီ စိတ်ကူးသော် လည်း အကြောင်းထူးမည် မဟုတ်၊ သို့အတွက် လော ကဓါတ်ဆရာကြီးတွေ ကြံစီသလို လောကကို၎ အဝဝ နှင့် ဓါတ်သဘာဝကို ကြံစီကောင်း၏၊ လောကာယတ ဆရာတွေ ကြံစီသလိုတော့ မကြံစီကောင်းဘူးလို့ အဒ္ဓ

# ဘဝစကြာသံသရာ

ကထာဆရာ ရှင်မဟာဗုဒ္ဓဃောသက အဓိပ္ပါယ်ဖြတဲ့ အတိုင်း ဖော်ပြအပ်ပါသတည်း။

သို့ကြောင့် လူတိုင်း ဘုရားဆု တောင်းကြတာပေ။ သာဝကပြုရသော် သဗ္ဗညု မြတ်စွာ ဘုရားရှင်သည်၊ ခြောက်ဝါအလွန် ခုနှစ်ဝါအရမှာ၊ တာဝတိံနတ်နန်းရှိ မယ်တော် ဖြစ်ခဲ့ဘူးသော သန္တုသိတ နတ်သား အမှူးပြုသည့် နတ်ဗြဟ္မာ အများတို့အား ဝါးတွင်း သုံးလပါတ်လုံး အဘိဓမ္မာ တရားတော်ကို ဟောကြား တော်မူခဲ့လေသည်။

တာဝတိံသာ နတ်မြို့မှ သိတင်းကျွတ်သောအခါ၊ သင်္ကဿနဂိုရ်မြို့သို့ ဆင်းသက် ကြွမြန်းတော်မူခဲ့လေရာ နတ်ဗြဟ္မာအများတို့ကလည်း၊ ပတ္တမြား၊ ရွှေ၊ ငွေ သုံး ထွေသော စောင်းတန်းကြီးတို့ သွယ်တန်းဖန်ဆင်းကာ၊ ဗိမ်းလဲ့ညှို့ပြာ-နီတျာဝါရွှေ-ထိန်ထိန်စေသော မိုးမှူး ဗိုးတိုင်တို့ကိုကိုင်ဆောင်ကြကုန်လျက်၊ မြတ်စွာဘုရား၏ နောက်ပါးမှ လိုက်ပါ ပို့ဆောင်ကြကုန်၏၊ လောကရှိ လူအပေါင်းတို့ကလည်း နတ်ပြည်နှင့်လူ့ပြည်တဆက် ထည်း သွယ်တန်းလျက်ရှိသော စောင်းတန်းကြီး သုံး သွယ်နှင့်နတ်ဗြဟ္မာအများစန် ရံခ၍ ကြွမြန်းလာတော် မူသော မြတ်စွာဘုရားအား၊ ဖူးမျှော်၍ မဝနိုင်အောင် ရှိကြကာ၊ ပြုံးပြက်ရောင်ရှိန်ထိန်ထိန်ပဝင်းတမိုးစင်းလုံး လင်းမျှ ဆီးမီးတိုင်တို့ဖြင့်ထွန်းညှိပူဇော်ကြလေသည်။

ထိုအချိန် အခါက၊ မြတ်စွာဘုရား၏ တန်ခိုးတော်

အနန္တကြောင့် ဥဒ္ဒံ ဩလောကေသိယာဝ ဗြဟ္မာလော ကာ ဧကင်ကော အဟောသုံ၊ အထက်ကို ရှုမျှော်၍ ကြည့်လိုက်သော်၊ ဗြဟ္မာပြည်တိုင်အောင် တပြင်တည်း တစပ်တည်း တည်ရှိလေပြီး၊ အဓောဩလောကေ သိယာဝ အဝီစိတော ဧကင်ဏာ အဟောသိ၊ အောက်ကို ငုံ့၍ ကြည့်လိုက်ပြန်သော်၊ အဝီစိတိုင်အောင် တပြည် တည်း တစပ်တည်း တည်ရှိလေသည်၊ ဒိဝါဒိဒိသာဩ လောကေသိ အနေကာနိ စက္ကဝါဠ သတ သဟဿာနိ ဧကင်ဏာ အဟောသုံ၊ နှစ်ဘက်ဝဲယာ ရှေ့နောက် အာ ရပ်များကို ကြည့်လိုက်ပြန်လျှင်၊ ဘသောင်းမက များလှ စွာသော စကြာဝဠာတို့သည် တစပ်ထည်း တပြည် ထည်းလို တည်နေကြလေသည်၊

ဒေဝါ မနုဿေ ပဿိံသု၊ နတ် ဗြဟ္မာတို့ကလဲ လူ တို့ကိုမြင်ကြရ၏၊ မနုဿာပိ ဒေဝေ ပဿိံသု၊ နတ်နှင့် လူ အားလုံးတို့ဟာ အချင်းချင်း မျက်စိရှေ့၌ပင် မြင် နေကြရပြီး၊

ထိုအခါ ၃၆-ယူဇနာ မြေ ပြင် အ ပြည့် ဘုရားဖူး ရောက်နေ ကြကုန်သော လူအပေါင်းတို့တွင်၊ ဧကောပိ ဗုဒ္ဓဘာဝံ အပတ္ထေန္တော နာမ နတ္ထိ၊ ဘုရားအဖြစ် ဆုကို မတောင်းခဲ့သူ တယောက်မှ မရှိဟုဆိုသည်၊

ယောက်ျားများက အရေးရှိလျှင်အတောင်နှစ်ဆယ် ဝတ် မင်း ယောက်ျား ဘုရားဆုပန် ဟုသာ ကြွား နေကြသည်၊ မိန်းမများကမူ၊ ယောက်ျားများကဲ့သို့

မကြွားနိုင်အံ့လော၊ အပါဒါနိုအဋ္ဌကထာကြီး ပဌမတွဲ စာမျက်နှာ ၄၆-တွင်သိဒ္ဓတ္ထမင်းသားသည် မိန်းမဘာဝ ကပင်စတင်၍ ဘုရားဆုတောင်းခဲ့ကြောင်းကိုအောက် ပါအတိုင်း တွေ့ရလေသည်။

နဝသဉ္ချေယျ ဝါစကာ၊ နှုတ်မြွက်ဖွင့်ဆို၍ ဘုရားဆုကို တောင်းသော ကိုးသင်္ချေအတွင်း၌ ပွင့်တော်မူကုန် သော ပေါရာဏ၊ ဂေါတမ၊ အစရှိကုန်သော တသိန်း, နှစ်သောင်း, ငါးထောင် ကုန်သော ပေါရာဏဒီပင်္ကရာ ဘုရား၏ လက်ထက်တော်၌၊ ငါတို့ ဘုရားအလောင်း တော်သည်၊ မြတ်စွာဘုရား၏ နှမတော် ဝေမတိက မင်းသမီးဖြစ်၏၊

တနေ့သ၌ ပေါရာဏဒီပင်္ကရာဘုရား၏ တပည့်ဖြစ် သော သာမဏေငယ် တပါးသည်၊ ပေါရာဏဒီပင်္ကရာ မြတ်စွာဘုရားကို ဆီမွှေးပူဇော်ရန် သပိတ်ကို ပိုက်၍ မြို့တွင်းသို့ ဆီအလှူခံ လှည့်လည်သွားသည်ကို ဝေမတိ ကမင်းသမီးမြင်၍၊ နန်းတော်ပေါ်သို့ ပင့်ပြီးလျှင် သိဒ္ဓတ္ထ မည်သော မုံညင်းဆီ တသပိတ်ကိုလှူ၍ ဤသိဒ္ဓတ္ထ မည်သောမုံညင်းဆီ တသပိတ်ကိုလှူရသောကုသိုလ် ကြောင့် နောင်အခါ သိဒ္ဓတ္ထ ဟူသောအမည်ဖြင့် ဘုရား ဖြစ်ရပါလို၏ဟူ၍ ဆုတောင်းလိုက်၏။

ဤသို့ဆုတောင်းကြောင်းကို ပေါရာဏ ဒီပင်္ကရာ မြတ်စွာဘုရားအားလျှောက်ထားပါလေဟု သာမဏေ

ငယ်ကိုမှာလိုက်၏၊ ထိုသာမဏေငယ်သည် ဝေမတိက မင်းသွီးက လှူလိုက်သော သိဒ္ဓတ္ထ မည်သော မုံညင်း ဆီကို သပိတ်ဖြင့်ယူဆောင်၍၊ ကျောင်းတော်သို့ရောက် လျှင်၊ မြတ်စွာဘုရားအား ကပ်လှူ၍ အရှင်ဘုရား၏နှမ တော် ဝေမတိကမင်းသွီးက လှူလိုက်သောမုံညင်းဆီ ပါဘုရား၊ မောင်တော်မြတ်စွာဘုရားကဲ့သို့နောင်သော အခါ သိဒ္ဓတ္ထဟူသော အမည်ဖြင့် ဘုရား ဖြစ်ရပါလို၏ ဟူ၍ ဆုတောင်းလိုက်ကြောင်း လျှောက်ထား၏။

## မျက်ကွယ်ဗျာဒိတ်

ထိုအခါ ပေါရဏ ဒိပင်္ကရာ မြတ်စွာဘုရားသည်၊ သင်သာမဏေငယ်သည် နောက်ကမ္ဘာအတွင်း၌၊ ငါကဲ့ သို့ ဒီပင်္ကရာဟူသော အမည်ဖြင့် ဘုရား ဖြစ်လတံ့၊ ဒီပင်္ကရာဟူသောအမည်ဖြင့် သင်သာမဏေငယ်ဘုရား ဖြစ်သောအခါ၊ ငါ၏နှမတော်ဝေမတိကမင်းသွီးသည် သုမေဓါဟူသော အမည်ဖြင့်ဗြဟ္မဏမဟာသာလမျိုး၌ အဂ္ဂါရှစ်ပါးနှင့် ပြည့်စုံသော ခယာကျွားဖြစ်လတံ့။

ထိုအခါ ငါကဲ့သို့ ဒီပင်္ကရာ ဟူသော အမည်ဖြင့် ဘုရားဖြစ်သော သင်သာမဏေ ငယ်သည် ငါ၏ နှမ တော်ဖြစ်ဘူးသော သုမေဓာရသေ့ကို နိယတဗျာဒိတ် ပေးလတံ့ ဟူ၍ မျက်ကွယ် ဗျာဒိတ်စကား မိန့်ကြား တော်မူလိုက်၏။

ဤသာဓကကိုဆောက်၍၊ မိန်းမများလည်း ဘုရား

သုပန်နိုင်ကြကာ၊ လေးတောင်ဝတ်မိန်းမသုရားဆုပန်ဟု ဆိုနိုင်ကြလေသည်။

ဘုရားပွင့်ရာ စကြာဝဠာသည်ကား၊ ဤစကြာဝဠာ တခုသာပွင့်၏၊ စကြာဝဠာ အနန္တတွေ ကျန်ရှိသေး၏။ ဖြဟ္မာဘုံပြည့်၌ ရှိကြကုန်သော ဖြဟ္မာတို့သည်၊ မိမိတို့၏ အောက်၌ များစွာသော စကြာဝဠာများကို ပကတိ မျက်စိဖြင့်ပင် မြင်ကြကုန်၏။ ဖြဟ္မာပြည်မှ စုတေသော အခါ၊ စကြာဝဠာ အနန္တတို့တွင် ရောက်မိ ရောက်ရာ ရောက်ကြရလေကုန်၏၊ နိယတဗျာဒိတ်ရရှိပြီးသော အ လောင်းတော်ကြီးများသာ ဤစကြာဝဠာ၌မြဲကြကုန်၏။

ဘုရားပွင့်ခိုက်နှင့် ကြုံကြိုက်ပါမှ၊ ဤစကြာဝဠာ တသောင်းအတွင်း ရှိကုန်သော နတ်,ဖြဟ္မာ,တို့သာ ကျွတ်နိုင်ကြကုန်၏။ ပြင်ပ စကြာဝဠာ၌ နေကုန်သော နတ်, ဖြဟ္မာ,တို့အား ကျွတ်ခြင်းမရှိကြကုန်၊ လူဖြစ်မှ ဇမ္ဗူဒိပါ တောင်ကျွန်းသားတို့သာ ကျွတ်ခွင့်ရကြကုန် ၏၊ အရှေ့ကျွန်း၊ အနောက်ကျွန်း၊ မြောက်ကျွန်းတို့၌နေ ကြကုန်သောသူတို့အား ကျွတ်ခွင့်မရကြကုန်။

ဤမျှသော အထောက် အထား၊ ကို မြင်သဖြင့် တ ယောက်တယောက်သောသတ္တဝါတို့အား လူအဖြစ်ကို ရခဲမှုထက်၊ ဘုရားပွင့်ရာသာသနာနှင့် တွေ့ကြရမှုသည် သာလွန်၍ခဲယဉ်းလှပေ၏။ ဘုရားလောင်း'တသိန်း,တ သန်း ပွင့်သော်လည်း၊ စကြာဝဠာတပါး၌ လွင့်ပါးနေ ပါက၊ တွေ့ကြုံရမည်ဝေးစွ သာတင်းမျှပင်မကြားရပေ။

တိရစ္ဆာန်ဘဝ၌ ပြောနေ ပါကလည်း၊ သာသနာနှင့် လွဲရပြန်လေသည်။

နောင် အရိမေတ္တေယျ ဘုရားကို အားကိုးယောင် ယောင်နှင့် ရှောင်သာ-တိမ်းသာ ဓမ္မတာ အတိုင်း ဆုတောင်းကြသေး၏။

ဘုရားဆုတောင်းသော ပုဂ္ဂိုလ်များသည်၊ ဘယ် သောအခါ ဘုရားဖြစ်လိမ့်မည်၊ မည်သည့် ကမ္ဘာ၌ ဘုရား ဖြစ်လိမ့်မည်ဟု သိနိုင်သော ကိစ္စမှာ မြတ်စွာ ဘုရားရှင်တို့သာလျှင် သိနိုင်သောကိစ္စဖြစ်သည်၊ သူသူ ငါငါ ပုထုဇာန်ပုဂ္ဂိုလ် မဆိုထားဘိ၊ ဈာန် တန်ခိုး အဘိညာဉ်ပါရမီနှင့်ပြည့်စုံသော ရဟန္တာ အရှင်မြတ်များပင် သိနိုင်သည့် ကိစ္စမျိုး မဟုတ်ပေ။

ဂေါတမမြတ်စွာဘုရားရှင် ပွင့်တော်မူပြီးနောက်၊ ဤဘဒ္ဒ ကမ္ဘာတွင် ပွင့်တော်မူမည့် အရိမေတ္တေယျ ဘုရားရှင်ကိုယ်တော် အကြောင်းကိုသာ ဗျာဒိတ်တော် ထားခဲ့သည့်အတိုင်း၊ မှတ်ဘူးကြားဘူးသဖြင့်ပြောကြား ကြရသည်၊ ကိုယ့်အသိနှင့် ပြောကြား နေကြသည် မဟုတ်၊ ဤဘဒ္ဒကမ္ဘာ၏ နောက်များတွင် ပွင့်တော်မူ လတံ့သော အလောင်းတော် အရှင် အမာများ ရှိ ကြောင်းကိုလည်း၊ အနာဂတဝင် ကျမ်းကို အကိုး အကားပြု၍၊ ဘုရားအလောင်းများ ရှင့်မာ တကျ ရှိကြောင်းကို အောက်ပါသံပေါက်အတိုင်း မှတ်သားမိ ပါသည်။

# ဘဝကြောသံသရာ

## ရင့်မာတကျိပ်

(က) ဘုရားဆုပန်၊ ရင့်မာသံ၊
ဧကန်မှတ်ကွဲ့၊ တကျိပ်တဲ့။

(ခ) ရှေ့ဦးအစ၊ မေတ္တယျ၊
သိကြလေကွဲ့၊ အလောင်းတဲ့၊

(ဂ) ရာမမင်းကောင်း၊ ဆုပန်တောင်း၊
တကြောင်းမှတ်ကွဲ့၊ အလောင်းတဲ့

(ဃ) ကောသလမင်း၊ ကျော်သံပြင်း၊
မယွင်းဘူးကွဲ့၊ အလောင်းတဲ့။

(င) အဘိဘူနတ်၊ ကျော်နှံ့စပ်၊
သိတတ်စေကွဲ့၊ အလောင်းတဲ့။

(စ) အသူရိန်နတ်၊ ခေါ်ပညတ်၊
သိဘတ်စေကွဲ့၊ အလောင်းတဲ့။

(ဆ) ဒီဃသောဏိ၊ ပုဏ္ဏားမည်၊
သညိမှတ်ကွဲ့၊ အလောင်းတဲ့။

(ဇ) ဝင်္ကာသိ၊ ပုဏ္ဏားပျို၊
အိုးအောင်မှတ်ကွဲ့၊ အလောင်းတဲ့။

(ဈ) တောဒေယျခေါ်၊ ပုဏ္ဏားကျော်၊
ပျော်ပျော်မှတ်ကွဲ့၊ အလောင်းတဲ့။

(ည) နာဠာဂိရိ၊ ဆင်ဟတ္ထိ၊
သိကြလေကွဲ့၊ အလောင်းတဲ့။

(ဋ) ပလလဲဆင်၊ အရည်တွင်၊
ထင်ထင်မှတ်ကွဲ့၊ အလောင်းတဲ့။

ဤရင့်မာတကျိပ် အလောင်းတော် အရင့်အမာများကား၊ ဤကမ္ဘာ၏ နောက်ကမ္ဘာ များတွင် ပွင့်တော်မူလတံ့သော အလောင်းတော်များဖြစ်သည်၊ ကမ္ဘာ၌ ဘယ်သောအခါ ဘုရား ဖြစ်လိမ့်မည်ဟု သိနိုင်သော ကိစ္စမှာဘုရားရှင်တို့သာ လျှင်သိနိုင်သောကိစ္စဖြစ်သည်။

ဘုရားငါးဆူ ပွင့်တော်မူသော ဤဘဒ္ဒကမ္ဘာ ကုန်ဆုံးပြီးနောက်၊ ရောက်လာမည် ဖြစ်သော မဟာကပ်ပေါင်း ထသင်္ချေသည် ဘုရားရှင်တို့ ပွင့်ပေါ်မည်၊ အရိပ်နိမိတ် အထိတ် ရှေ့ပြေး ကြာပန်း အရောင်မျှ မပေါ်သောကြောင့် သုည ကမ္ဘာဟုခေါ်၏။

ထိုသုညကမ္ဘာ မဟာကင်တသင်္ချေကာလပါတ်လုံး နတ်လူ အပေါင်းတို့သည်၊ ဘုရားဟူ၍ငှင်း၊ တရားဟူ၍ငှင်း၊ သံဃာဟူ၍ငှင်း၊ ကိုယ်ဖြင့် ကိုင်းညွတ်ရုံ၊ နှုတ်ဖြင့်မြွက်ဆိုရုံ၊ စိတ်ဖြင့် သွတ်သွင်းရုံမျှ မဖြစ်နိုင်ကြကုန်၊ မဟာကပ်ပေါင်းအရေအတွက်အားဖြင့် တသင်္ချေတို့ပါတ်လုံး ဘုရားပွင့်တော်မူခြင်းမှ ဆိတ်သုဉ်းသောကြောင့် သုညကမ္ဘာမည့်သည်ကို ညွှန်ပြပေသည်၊

## နည်းစုံဆောင်မှတ်မှတ် ဂုဏ်တော်မြတ်ကသင့်ကိုကယ်မည်။

ပဌမ ရက် သောဘဂဝါ ဣတိပိအရဟံ။
ဒုတိယ ။ သောဘဂဝါ သမ္မာသမ္ဗုဒ္ဓေါ၊
တတိယ ။ သောဘဂဝါ ဝိဇ္ဇာစရဏသမ္ပန္နော၊
စတုတ္ထ ။ သောဘဂဝါ သုဂတော၊

ပဥ္စမ ရက် သောဘဂဝါ လောကဝိဒူ၊
ဆဋ္ဌမ ။ သောဘဂဝါ အနုတ္တရော ပုရိသ ဓမ္မသာရထိ၊
သတ္တမ ။ သောဘဂဝါသတ္ထာဒေဝမနုဿာနံ
အဋ္ဌမ ။ သောဘဂဝါ ဗုဒ္ဓေါ။
နဝမ ။ သောဘဂဝါ ဘဂဝါတိ၊

စသော ဗုဒ္ဓရှင်တော်ဘုရား၏ ဂုဏ်တော်များကို တနေ့ တဂုဏ်တော် ပုတီးစိတ်ဖြင့် မိတ်ပြီး စီးဖြန်းရ ပေမည်၊ ဂုဏ်တော်များသည် အရိုးခံဖြစ်၍ အမျိုးမှန် ပါသည်၊ ဒါကြောင့် အဘိုးတန်ဆုံးလို့ မှတ်ရပေမည်၊ ၍ဂုဏ်တော်ကြီးများကို ဝိပဿနာ မဟာ ဓမ္မကထိက ဖြစ်တော်မူသော ကျေးဖူးရှင် လယ်တီ ဆရာတော် ဘုရားကြီးနှင့်သေကျွ၊တောင်ဦးတိလောကဆရာတော ဘုရားတို့ အမြဲနှလုံးသွင်းလျက်၊ ရွတ်ဘတ် ပွားများ စီးဖြန်းထော်မူသည့် မှုမှန်နည်းပေတည်း၊

လူမင်း, နတ်မင်း,ဗြဟ္မာမင်းတို့၏ မြတ်သော အလှူ ကို ခံတော်မူသောကြောင့် အရဟံ-ဟူသောဂုဏ်တော်၊

အလုံးစုံသော တရားတို့ကို မဖေါက်မပြန် ကိုယ် တော်ဘိုင်သာ သိတော်မူသောကြောင့် သမ္မာသမ္ဗုဒ္ဓ- ဟူသောဂုဏ်တော်၊

ဝိဇ္ဇာ ၃-ပါး၊ ဝိဇ္ဇာ ၈-ပါး၊ နိဗ္ဗာန်သို့ သွားသော ကြောင့်စရဏ ၁၅-ပါးနှင့်ပြည့်စုံတော်မူသောကြောင့် ဝိဇ္ဇာစရဏသမ္ပန္န-ဟူသောဂုဏ်တော်၊

ကောင်းသော စကားကိုဆိုတော်မူတတ်၍ ကောင်းသော နိဗ္ဗာန်သို့ ကြွတော်မူသောကြောင့်၊ သုဂတ-ဟူသောဂုဏ်တော်၊

လောက သုံးပါးကို ကုန်စင်အောင် သိတော်မူတတ်သောကြောင့်၊ လောကဝိဒူ-ဂုဏ်တော်၊

လူကြမ်း, နတ်ကြမ်း, တိရစ္ဆာန်ကြမ်းတို့ကို အတုမရှိယဉ်ကျေးအောင် ဆုံးမတော်မူတတ်သောကြောင့်၊ အနုတ္တရော ပုရိသ ဓမ္မသာရထိ-ဟူသောဂုဏ်တော်၊

လူ, နတ်တို့ကို၊ လောကီ-လောကုတ္တရာ နှစ်ဖြာသော အကျိုး၌ ဆုံးမတော်မူသည်ဖြစ်၍၊ နတ်, လူတို့၏ဆရာ ဖြစ်တော်မူသောကြောင့်၊ သတ္ထာဒေဝ မနုဿာနံ-ဟူသော ဂုဏ်တော်၊

သစ္စာ လေးပါး တရားတို့ကို အကြွင်းမရှိ သိတော်မူသောကြောင့်၊ ဗုဒ္ဓ-ဟူသော ဂုဏ်တော်၊

ဘုန်းတော် ၆-ပါးနှင့် ပြည့်စုံတော် မူသောကြောင့်၊ ဘဂဝါ-ဟူသော ဂုဏ်တော်ဖြင့်၎င်း၊ ပြည့်စုံတော်မူသည်ဖြစ်၍၊ လူ, နတ်, ဗြဟ္မာ သတ္တဝါ အပေါင်းတို့၏ ညွတ်ပြောင်းရိုကြိုး လေးစားရှိခိုး၍၊ နှင်းပုဆော် ဖူးမျှော်ခြင်းကို ခံတော်မူလေပြီ ဤသို့ အတုမရှိသော ဂုဏ်တော်တို့၏သခင် အရှင်မြတ်ဘုရားအား၊ အများတကာ့သို့ တော်သည် ငါးပါးသော ပဥ္စပတိဋ္ဌိတ သုံးပါးသော ဂါရဝ ပဏာမဖြင့် ကြည်ညိုသဒ္ဓါ ရှိခိုးပါ၏ဘုရား၊

( ဘုရားရှိခိုးပြီးတိုင်း သစ္စာဆိုပါ၊ )

## ပဋ္ဌမ-သစ္စာဆိုပါ

ဒိဝါတပတိ အာဒိစ္စော၊
ရတ္တိမ ဘာတိ စန္ဒိမာ။ ။
သန္နဒ္ဓေါ ခတ္တိယော ဘာတိ၊
ဈာယိတာ ပတိ ဗြဟ္မဏော။ ။
အထ သဗ္ဗ မဟော ရတ္တိံ၊
ဗုဒ္ဓေါ တပတိ တေဇသာ။ ။
ဧတေန သစ္စ ပဇ္ဇေန၊
သောတ္ထိမေ ဟောတု သဗ္ဗဒါ။ ။

### အဓိပ္ပါယ်

နေ့အခါ နေမင်းသည်၊ အလင်းကို ပေး စွမ်း နိုင်ပါ၏၊ ညအခါ လမင်းသည်၊ အလင်းကို ပေးစွမ်းနိုင်ပါ၏၊ ဘုရင်မင်းသည်၊ မင်းမြောက်တန်ဆာ၌မှ တင့်တယ်ပါ၏၊ ရဟန္တာမြတ်တို့သည်၊ ဈာန်ဝင်စားမှသာ ရောင်ဝါတင့်တယ်၏၊ ဘုရားရှင်သည်၊ အလုံးစုံသော ပါရမီတော် တန်ခိုးတော်ကြောင့် အခါခပ်သိမ်း တင့်တယ်၍ အလင်းကို ဆောင်တော်မူပါပေ၏၊ ဤသစ္စာစကားကြောင့် တ ပည့် တော် သည်၊ အခါခပ်သိမ်း ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းနှင့် ပြည့်စုံရပါလို၏ အရှင်ဘုရား၊

ဤသို့ ၉-ရက်စေ့အောင် ၉-ပါးသီလကို ဆောက်တည်ပြီးလျှင်၊ ဘုရားဂုဏ်တော် (အရဟံ) တပါးကို

ပုတီးစိတ်ပါ။ ၉-ရက်အတွင်း၊ အထက်ပါ ဂါထာကို အမြဲရွတ်၍ သစ္စာဆိုပါ။

ပဌမ ၉-ရက်ပြီးလျှင် ဂုဏ်းတော် ကိုးပါး ပြီးပြီ၊ ဒုတိယ ၉-ရက် ၉-ပါးသီလ ခံယူပြီးလျှင် (သမ္ဗာသမ္ဗုဒ္ဓေါ)ဂုဏ်တော်ဘုပါးကိုပုတီးစိတ်ပါ။ အောက်ပါ ဂါထာကို ရွတ်၍ သစ္စာဆိုပါ။

## ဒုတိယ-သစ္စာဆို

မာရံ အာဠဝကံ ယက္ခံ၊
အင်္ဂုလိမာလဥ္စ စိဥ္စမာနံ။ ။
ကုဏ္ဍလဿ နာ ရာဇဥ္စ၊
ဗကံ အဘိနိ တေဇသာ။ ။
တေန သစ္စ ဝဇ္ဇေန၊
သောတ္ထိမေ ဟောတု သဗ္ဗဒါ။ ။

## အဓိပ္ပါယ်

မာရ်မင်း၏ ရန်ကို အောင်တော်မူသော မြတ်စွာဘုရား၊

အာဠဝက ဘီလူး၏ ရန်ကို အောင်တော်မူသော မြတ်စွာဘုရား။

နာဠာဂိရိ ဆင်ကို အောင်တော်မူသော မြတ်စွာဘုရား၊

အင်္ဂုလိမာလ၏ ရန်ကို အောင်တော် မူ သော မြတ်စွာဘုရား။

ဝိဋ္ဋမာန မိန်းမ၏ ရန်ကို အောင်တော်မူသော မြတ်စွာဘုရား၊

သစ္စက ပရိဗိုဇ်၏ ရန်ကို အောင်တော်မူသော မြတ်စွာဘုရား၊

နန္ဒောပနန္ဒ နဂါးမင်း၏ ရန်ကို အောင်တော်မူသော မြတ်စွာဘုရား၊

ဗကဗြဟ္မာမင်းကြီး၏ ရန်ကို အောင်တော်မူသော မြတ်စွာဘုရား ရှင်သည် ဘုန်းတော်ကြောင့် အောင်ပွဲကြီးကို ရပေပြီ၊ ဤသစ္စာစကားကြောင့် တပည့်တော်သည်၊ အခါခပ်သိမ်း ကိုယ်စိတ်နှစ်ဖြာ ချမ်းသာရပါ လို၏ အရှင်ဘုရား။

ဒုတိယ ၉-ရက်ပြီးလျှင် ဂုဏ်တော် ကိုးပါးပြီးပြီ။

တတိယ ၉-ရက်၊ ၉-ပါး သီလ ခံယူပြီးလျှင်၊ (ဝိဇ္ဇာ စရဏ သမ္ပန္နော)ဂုဏ်တော်တပါးကို ပုတီးစိပ် ပါ၊ အောက်ပါ ဂါထာကိုရွတ်၍ သစ္စာဆိုပါ။

## တတိယ-သစ္စာဆို

ဇယစက္ကော ဇယန္တောယော၊
ဇယိတဗ္ဗေ ဇယာသနေ။
ဇရာပေသိ ဇယေသိနံ၊
ဇယံဒေတု ဇယုတ္တမော။
ဇေတဝန သစ္စ ဝဍ္ဎေနာ၊
သောတ္ထိမေ ဟောတု သဗ္ဗဒါ။

## အဓိပ္ပါယ်

အောင်အပ် ပြီးသော ဓမ္မစကြာ ရှိတော်မူသော ဘုရားရှင်သည်၊ အောင်ခြင်း၏အဆုံးသို့ ရောက်တော်မူရပေပြီ၊ အောင်ပွဲကြီးကို လိုနေကြကုန်သော သတ္တဝါ အပေါင်းတို့အား အောင်ချမ်းသာ ဆုကြီးကို ပေးသနားတော်မူလေပြီ၊ အတွင်း အပြင် အောင် တော်မူသော ဘုရားရှင်သည် တပည့်တော်အား အောင်ဆုတော်ကြီးကို ပေးတော်မူပါဘုရား။

ဤသစ္စာ စကားကြောင့် တပည့်တော်သည်၊ အခါခပ်သိမ်း စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ ချမ်းသာခြင်းနှင့် ပြည့်စုံရပါလို၏ မြတ်စွာဘုရား။

တတိယ ၄-ရက်စေ့လျှင်၊ ဂုဏ်တော် ကိုးပါးလုံး ပြီးပြီ၊ ဤသို့ရက်ပေါင်း ၂၇-ရက် အောင်မြင် သွားပါက အန္တရာယ်မရှိ၍၊ ရှေ့တဆင့် ဝိပဿနာ ဆက် ပွားသွားပါက မဂ်အဆင့်သာ ရှိတော့သည်။

အချို့သူ ၂၇-ရက်နှင့် ကြေနပ် နိုင်လောက်အောင် အသိဉာဏ်ပေါက်ကြ၏၊ အချို့သူ ၂၇ ရက်၊ ၂-ပါတ် အချို့ ၃-ပါတ်ကြာမှ အလင်းရောက်ကြသူတွေလည်း ရှိကြ၏။ ပါရမီ အနု-အရင့် အလိုက်ဖြစ်၍၊ သဘော ကျသလို အားထုတ်ကြပါလော။

## မန္တာန်တော်-အကြောင်း

သထုံ။ မနူဟာ၊ ပုဂံ-အနော်ရထာတို့လက်ထက်က

သုတေသနစာကြည့်တိုက်
[illegible] ၂၁
ထမ္မာဓေား၊ ရန်ကုန်။

ရဟန္တာချင်အရပ်ဟံထံမှ အဆင့်ဆင့် ပြန့်ပွားလာသော မန္တာန်တော်။

ရှေးအခါက မထေရ်ကြီး တပါး သည်၊ သမထ ဝိပဿနာ, ဘာဝနာ ဖြစ်သော အလုပ်ကို အားထုတ် လို၍၊ လူသူကင်းသော တောအရပ်သို့ ထွက်ပြီးလျှင်၊ ပဓာန အလုပ်များကို အားထုတ်တော်မူလေသည်။

ထိုအခါ၊ တကာဖ တယောက်သည်၊ မထေရ်ကြီး ထံသို့ လာပြီး၊ ရှိခိုး ပူဇော်သောအားဖြင့် ဝတ်ပြုလာ ရာ၊ မထေရ်ကြီးက အော်....ပရိသတ်ကြောက်လို့ တောအရပ် ထွက်ခဲ့ပါတယ်၊ ဒါယိကာမနှင့် တွေ့နေ ပြန်ပါပကောဟု အောင်း မေ့ ပြီး၊ ၄င်းလာရောက် သည့်ကို မသိလားသည့် အနေနှင့် နှုတ်ဆက်မေးမြန်း သေသည်၊ ဤသို့ ၂-ရက်၊ ၃-ရက် ဆက် လက် လာ နေသဖြင့်၊ ဘုန်းတော်ကြီးက စ၍ ဒါယိကာမလေး ပရိသတ် ကြောက်လို့ တောအရပ် ထွက်ခဲ့ ပါဘယ် ဒါယိကာမလေးနှင့်လာပြီး တွေ့နေရ ပြန်ပါပကော လား-ဟု ပြုံးတွားပြီး မိန့်တော်မူလေသည်။ ထိုအခါ ဒါယိကာမလေးက တပည့်တော်ကို ဒါယိကာမလေး လို့ခေါ်သည်မှာ အရှင်ဘုရား သက်တော်က ဘယ် လောက်ရှိပြီး၊ တပည့်တော်အသက်ကို ဘယ်လောက် ရှိပြီထင်ပါသလဲ ဘုရားဟု လျှောက်ထားလေသည်။ ဦး

ထိုအခါ၊ ဘုန်းတော်ကြီး က အသက် ၂ ကျော်တွေ့ဘို၊ ခြောက်ဆယ်ကျော်ပါပြီ၊ ဒါယိကာမလေး အသက်ကိုရ

တော့ တဆယ့် ရှစ်နှစ်လောက် ရှိလိမ့်မယ်လို့ ထင်ပါသည်ဟု မိန့်တော်မူသေသည်။

ထိုအခါ၊ ဒါယိကာမလေးက တပည့်တော် အသက် သုံးရာ ရှိပါပြီဘုရားဟု လျှောက်ထားလေရာ၊ ဘုန်းတော်ကြီးက အံ့ဩသောအမူအရာနှင့် ဩော်...... ဒီလောက် အသက်ရှည်ပြီး၊ နုနယ်ပျိုမြစ် နေတာဟာ ဘယ်အာယုဝဍ္ဎ ဆေးများကို မှီဝဲ စားသောက်နေလို့လဲဟု မေးမြန်းသည်တွင် ဘယ်လို ဆေးမှတော့ မမှီဝဲပါဟု လျှောက်ထား၍ (ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ)စသော မန္တာန်တော်ပါဠိကိုအဆုံးတိုင်ရွတ်ဆိုပြပြီး၊ ဒီမန္တာန်ကိုတော့ နေ့စဉ် အခေါက်ပေါင်း မိမိသက်စေ့ ရွတ်ဘတ်သရဇ္ဈာယ်ပွားများအားထုတ်နေပါသည်ဘုရားဟု လျှောက်ထားလေသည်။

## အနန္တမန္တာန် ပုတီးစိတ်နည်း

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ နာမရူပံ အနိစ္စံ ဒုက္ခံ အနတ္တာ။ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ နာမရူပံ အနိစ္စံ ဒုက္ခံ အနတ္တာ။ သံဃံ သရဏံ ဂစ္ဆာမိ၊ နာမရူပံ အနိစ္စံ ဒုက္ခံ အနတ္တာ။ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ၊ နာမရူပံ အနိစ္စံ ဒုက္ခံ အနတ္တာ။ အနန္တံ ဗလဝံ ဗုဒ္ဓံ အနန္တံ ဂေါစရံ ဓမ္မံ အနန္တံ အရိယသံဃံ အနန္တံ ဗေါဓိမုတ္တမံ။

အခြား မှ ကွဲ လည်း ရှိသေး၏၊ သဘောမှာ အကျူတျူပင်၊

ဗုဒ္ဓံ၊ မြတ်စွာဘုရားကို၊ သရဏံ ကိုးကွယ်ရာဟူ၍၊ ဂစ္ဆာမိ၊ ဆည်းကပ်ပါ၏၊ နာမရူပံ၊ နာမ်ရုပ်သည်၊ အနိစ္စံ၊ အမြဲမရှိ၊ ဒုက္ခံ၊ ဆင်းရဲ၏၊ အနတ္တာ၊ အနှစ်ကင်းပ အစိုးမရ၊

ဓမ္မံ၊ တရားတော်မြတ်ကို၊ သရဏံ၊ ကိုးကွယ်ရာဟူ၍၊ ဂစ္ဆာမိ၊ ဆည်းကပ်ပါ၏၊ နာမရူပံ၊ နာမ်ရုပ်သည်၊ အနိစ္စံ၊ အမြဲမရှိ၊ ဒုက္ခံ၊ ဆင်းရဲ၏၊ အနတ္တာ၊ အနှစ်ကင်းပ အစိုးမရ၊

သံဃံ၊ သံဃာတော်မြတ်ကို၊ သရဏံ၊ ကိုးကွယ်ရာဟူ၍၊ ဂစ္ဆာမိ ဆည်းကပ်ပါ၏၊ နာမရူပံ၊ နာမ်ရုပ်သည်၊ အနိစ္စံ၊ အမြဲမရှိ၊ ဒုက္ခံ၊ ဆင်းရဲ၏၊ အနတ္တာ၊ အနှစ်ကင်းပ အစိုးမရ၊

ဗုဒ္ဓံ၊ မြတ်စွာဘုရားကို၊ သရဏံ၊ ကိုးကွယ်ရာဟူ၍၊ ဂစ္ဆာမိ၊ ဆည်းကပ်ပါ၏၊ ဓမ္မံ၊ တရားတော်မြတ်ကို၊ သရဏံ၊ ကိုးကွယ်ရာဟူ၍၊ ဂစ္ဆာမိ၊ ဆည်းကပ်ပါ၏၊ သံဃံ၊ သံဃာတော်မြတ်ကို၊ သရဏံ၊ ကိုးကွယ်ရာဟူ၍၊ ဂစ္ဆာမိ၊ ဆည်းကပ်ပါ၏၊ နာမရူပံ၊ နာမ်ရုပ်သည်၊ အနိစ္စံ၊ အမြဲမရှိ၊ ဒုက္ခံ၊ ဆင်းရဲ၏၊ အနတ္တာ၊ အနှစ်ကင်းပ အစိုးမရ၊

ဗလစံ၊ အားတော်နှင့် ပြည့်စုံသော၊ ဗုဒ္ဓံ၊ မြတ်စွာဘုရားသည်၊ အနန္တံ၊ အတိုင်းမသိတန်ခိုးတော်တည်း၊

ဂေါဝရံ့ မင်္ဂလိုလ်တို့၏အာရုံဖြစ်သော၊ ဓမ္မံ၊ တရားတော်ဖြစ်သည်။ အနန္တံ၊ အတိုင်းမသိ တန်ခိုးတော်တည်း။ အရိယံ၊ အရိယာဖြစ်သော၊ သံဃံ၊ သံဃာတော်သည်။ အနန္တံ၊ အတိုင်းမသိတန်ခိုးတော်တည်း။ ဗေါဓိမုတ္တမံ၊ မြတ်သော ဗောဓိပက္ခိယ တရားတော်သည်။ အနန္တံ၊ အတိုင်းမသိ တန်ခိုးတော်တည်း၊

အထူးမှတ်ချက်

ပါဠိကိုငင်း၊ပါဠိအနက်ကိုငင်း၊ ငါးပုဒ်ကုန်သုံးမှ ပုတီးတလုံးချ၍ သက်စေ့အသက်ရှိသည့်အတိုင်း၊ပုတီး စိတ်ရမည်၊ အသက်ထက် ပို၍လည်း စိတ်နိုင်ပါသည်။

ဗုဒ္ဓါ နုဿတိ၊ ဓမ္မာ နုဿတိ၊ သံဃာ နုဿတိ၊ ကမ္မဋ္ဌာန်းကို နေ့စဉ်စီးဖြန်းသည်မည်ခြင်း၊ သရဏဂုံ သုံးပါးနှင့် အခြား ဂုဏ်တော်များကို ပွားများအား ထုတ်သည်မည်ခြင်း၊ နာမ်ရုပ်နှစ်ပါးကို သိမ်းဆည်း၍ အနိစ္စ၊ ဒုက္ခ၊ အနတ္တ လက္ခဏာရေး သုံးပါး၊ ဝိပဿနာ တရားများကို ပွားများသည်မည်ခြင်းကြောင့်၊ အကျိုး အနန္တရမည်ကို ယုံကြည်မှန်းမျှော်လျက်၊ မန္တာန်တော် ပါဠိအနက်ကို ကျက်မှတ်ရွတ်ဘတ်ကြရန် ထည့်သွင်း ဖေါ်ပြလိုက်ရပေသတည်း။

ဗုဒ္ဓ၏ အံ့ဘွယ်(၁၈)ပါး

(၁) ဝတ်ရုံတော် မှသော သင်္ကန်း တော် သည်၊ ညှိုးခြင်း နွမ်းခြင်း မရှိသည်လည်းတပါး။

(၂) ဆံတော်သည်၊ တောထွက်တော်မူသော အခါ၊ ဖြတ်တော်မူသည်မှ မတို-မရှည် လက်လေးသစ်မျှသာ သက်တော်ရှည်မျှ ကာလပတ်လုံး တည်တော်မူခြင်းလည်းတပါး။

(၃) ဆောင်တော်မူသော ကိုယ်ဝတ်၊ ဒုကုဋ်၊ သင်းပိုင်၊ ခါးပန်း၊ အခပ်၊ သပိတ်၊ ရေစစ်၊ ပဲခွတ်၊ တည်းဟူသောပရိက္ခရာတို့သည်၊ ကိုယ်တော်နှင့် မထည့် ဟူ၍ လက်လေးသစ်ခန့် ခြားတော်မူခြင်းလည်းတပါး။

(၄) သပိတ်တော်ဆေးလျှင်၊ လက်တော်စင် နှင့်သည်၊ လက်တော်ဆေးလျှင်၊ သပိတ်တော်စင်နှင့်သည်လည်းတပါး။

(၅) မုညင်းသီးခွံတွင်းသို့ ဝင်တော်မူနိုင် သည်လည်းတပါး။

(၆) ခြောက်ပါးသောရောင်ခြည်တော်တို့ကို လွှတ်တော်မူသည်ရှိသော်၊ အခပ် ဆယ်မျက်နှာတို့ကို နှံ့နိုင်သည်သည်တပါး။

(၇) တန်ခိုးတော်ဖြင့် ရာ,ထောင်,သိန်း,သန်းမက ဖန်ဆင်းတော်မူပြီးလျှင်၊ ဝေနေယျသတ္တဝါတို့ အလိုသို့လိုက်သဖြင့် ချွတ်တော်မူနိုင်ခြင်းလည်းတပါး။

(၈) သုံးဖြာသော ခေတ်တို့တွင် အလင်းအတိ၊ အမိုက်အတိ ဖြစ်အောင် ဖန်ဆင်းတော်မူနိုင်ခြင်းလည်းတပါး။

(၉) ကိုယ်တော်ကို လဝန်းကဲ့သို့ အထက် ကောင်းကင်၌ ထားတော် မူနိုင်ခြင်းလည်းတပါး၊

(၁၀) ခြားနားသိသာ ချိုသာယာလျက် လေးနက်ပဲ့တင် ရှစ်ရပ်အင်ဖြင့် ထင်ထင် ဟောကြားမြွတ်တရားသည့် လေးပါး ပရိသတ်ကြားနိုင်ခြင်းလည်းတပါး။

(၁၁) အလုံးစုံအကြွင်းမရှိသော သတ္တဝါ အပေါင်းတို့၏ စိတ်အလိုကို သိတော် မူနိုင်ခြင်းဟု ဆိုအပ်သော အာသယာ နုသယ ဉာဏ်တော်လည်းတပါး။

(၁၂) ကျွတ်ထိုက်၊ မကျွတ်ထိုက်သော သတ္တဝါတို့ကို သိတော် မူနိုင်ခြင်းဟု ဆိုအပ်သော မဟာကရုဏာ သမာပတ္တိ ဉာဏ် တော် လည်းတပါး၊

(၁၃) သတ္တဝါတို့၏ ဣန္ဒြေ နု သည့်၊ ရင့် သည့် ကိုသိတော် မူနိုင်ခြင်းဟု ဆိုအပ်သော ဣန္ဒြိယပရော-ပယတ္တိ ဉာဏ်တော်လည်းတပါး၊

(၁၄) နိဗ္ဗာန ပိကာရ လက္ခဏာ ပညတ်မှ၊ တပါးကုန်သော တရားအရပ်ဟု ဆိုအပ်သော သင်္ခါရ၊

တို့ကို သိတော်မူခြင်းဟုဆိုအပ်သော ဉာဏ်ယူ ဝမ္မလည်းတပါး။

(၁၅) လဟုတာရုပ်၊ မုဒုတာရုပ်၊ ကမ္မညတာရုပ်၊ ကာယဝိညတ်၊ ဝစီ ဝိညတ်ဟု ဆိုအပ်သော ဝိကာရရုပ် ၅-ခုတို့ကို သိတော် မူ နိုင်ခြင်း ဉာဏ်ယူ ဝမ္မလည်းတပါး။

(၁၆) ဥပစယ၊ သန္တတိ၊ ဇရတာ၊ အနိစ္စတာတည်းဟူ သော လက္ခဏာရုပ် လေးခုတို့ကို သိတော်မူနိုင် ခြင်း ဉာဏ်ယူဝမ္မလည်းတပါး။

(၁၇) အသင်္ခတဓါတ် နိဗ္ဗာန်ကို သိတော် မူနိုင်ခြင်း ဉာဏ်ယူဝမ္မလည်းတပါး။

(၁၈) ပိဋကတ်ပညတ်၊ အင်္ဂုတ္တရပညတ် စသော ပညတ်တရား အပေါင်းတို့ကို သိတော်မူနိုင် ခြင်း ဉာဏ်ယူဝမ္မလည်း တပါး။

ဤသို့အားဖြင့် ဗုဒ္ဓအံ့ဘွယ်(၁၈)ပါးဖြစ်သည်။

ဩကာသလောက၌၊ သက်ရှိနှင့် သက်မဲ့ နှစ်မျိုးရှိရာ သက်ရှိတို့၌၊ ရုပ်တရားနှင့် နာမ်တရား ၂-ပါး တည် ရှိ၍၊ သက်မဲ့တို့၌ ရုပ်တရားတပါးသာ ရှိပါသည်။ သက်ရှိသတ္တဝါတို့သည်၊ ကံ၊ စိတ်၊ ဥတု၊ အဟာရ ဟူ သော အကြောင်းတရား လေးပါး တို့ ကြောင့် ဖြစ် သည်၊ သက်မဲ့တို့၌မူ နာမ်တရားမဲ့များ ဖြစ်ကြ၍ ကံမရှိ၊ စိတ်မရှိ၊ အဟာရမရှိ၊ ဥတုကြောင့်သာ ဖြစ် ကြသည်။

သက်ရှိ သတ္တဝါ တို့တွင်လည်း လူနှင့် တိရစ္ဆာန် မှာကား၊ ကံရှိပုံခြင်း တူကြသည်၊ စိတ်ရှိပုံခြင်း တူကြသည်၊ ဥတုကို မှီခိုသည့်ခြင်းတူကြသည်၊ အဟာရကို မှီဝဲပုံခြင်း တူကြသည်၊ သို့သော် တိရစ္ဆာန်၌ အိပ်ခြင်း၊ စားခြင်း၊ ကာမဂုဏ်ခံစားခြင်း သုံးပါးသာ ရှိသည်၊ လူမှာကား ထိုသို့မဟုတ်၊ ဟိရိ-ဩတ္တပ္ပတရားနှစ်ပါးကို စောင်ထိန်းရသည်၊ သို့ကြောင့်ပင် လူနှင့် တိရစ္ဆာန် ခြားနားကြပြန်သည်၊ အကယ်၍သာ ဤသို့ခြားနားမှုမရှိခဲ့လျှင်၊ လူနှင့်တိရစ္ဆာန် အတူအိပ်ကြတို့၊ အတူစားကြတို့၊ အတူကာမဂုဏ် ခံစားကြတို့သာ ရှိတော့သည်၊

ဟိရိ ဩတ္တပ္ပ တရား နှစ်ပါးကား၊ ဘုရားပွင့်ပွင့် မပွင့်ပွင့် ဘယ်ကမ္ဘာမဆို ရှိသည်ဟု သိရသည်၊ လူမှန်လျှင် ဤတရားနှစ်ပါးကို စောင့်ထိန်းရမည်။ မစောင့်ထိန်းလျှင် လူမ-မည် လူမ မည်လျှင် တိရစ္ဆာန်ပင်ဖြစ်တော့သည်၊ ငါသည် လူသားလော၊ တိရစ္ဆာန်လော ဟူ၍ မိမိကိုယ်ကို မေးခွန်းထုတ်လေ၊ အကယ်၍ လူသားဟု အဖြေ ထွက်လာလျှင်၊ လူတို့စောင့်ထိန်း အပ်သော ဟိရိ ဩတ္တပ္ပတရားနှစ်ပါးကို စောင့်ထိန်းရပေမည်၊ သို့မှသာလျှင် လူနှင့်တိရစ္ဆာန် ခြားနားပေမည်။ ခြားနားချက်ကို သိရလည်း ကိုယ့်ကိုယ်ကို မှန်ရာ၌ အသုံးချတတ်မည်၊ မှန်ရာ အသုံးချတတ်မှ အမြင်မှန်ကို ရပေမည်။

ဟိရိ၊ မကောင်းမှုပြုရမည်ကိုရှင်း၊ မကောင်းပြောရမည်ကိုရှင်း၊ မကောင်းကြံစည်ရမည်ကိုရှင်း ရှက်ရခြင်း၊ ဩတ္တပ္ပ၊ မကောင်းမှုပြုရမည်ကိုရှင်း၊ မကောင်းမှုကြံစည်သည်ကိုရှင်း ကြောက်ခြင်း ဆိုတဲ့ တရားနှစ်ပါးပင်ဖြစ်သည်။ ဤတရားနှစ်ပါးနှင့် ပြည့်စုံလျှင် တိရစ္ဆာန်မဟုတ်၊ လူသားဖြစ်တော့၏။ လူသားဖြစ်ပြီးသော လူတိုင်း၊ လူတိုင်း မိမိတို့ ရရှိပြီးသော သုခဘဝကလေးကို ဆုံးရှုံး မသွားကြစေရန် အရေးသည် အလွန်ဘရာကြီးလှပေ၏။

ဘုရားရှင်က သားတော်ရာဟုလာအား၊ မေးသည်မှာ ချစ်သား-ရာဟုလာ ကြေးမုံသည် အဘယ်သို့ အကျိုးရှိသနည်းဟု မေးတော်မူ၏၊ ကြေး မုံ သည် သင့်မတင့်-တော်မတော်၊ တင့်တယ်သည်၊ မတင့်တယ်သည်ကို သိစေခြင်းငှာ ကြည့်ရှုရာ၌ အကျိုး ရှိပါ၏ ဘုရားဟု ရာဟုလာ ဖြေကြားလေ၏။ထိုအခါဘုရားရှင်က ချစ်သား-ရာဟုလာ ကိုယ်လုံးပေါ်ထင် မှန်အပြင်ဝယ် ရုပ်သွင်လှပ အချိုးကျအောင် ပြင်ကြတမှု အလားတူပင်၊ငါဘုရား ဆုံးမတော်မူသော တရားတည်းဟူသော မှန်ပြင်ကိုအမှားအမှန် ဝေဘန်ပိုင်းခြား၍သိတတ်သော ပညာစက္ခုဖြင့် ကြည့်ရှုလျက်၊ သင်သည် ဆင်ခြင်၍ ကိုယ်ဖြင့်အမှုကိုပြုအပ်၏၊ မပြတ်ဆင်ခြင်၍ နှုတ်ဖြင့် အမှုကိုပြုအပ်၏၊ ထပ်တလဲလဲ စိတ်အမှုကို ပြုပြင်အပ်၏ဟု မိန့်ကြာ ထော်၏၊ ရှင်တော်ဘုရားမိန့်ကြား

တော်မူသော ကြေးမုံမှန်ပြင် တရားစဉ်ကို သေချာ ဂရု ကြည့်ရှုကြပြီးလျှင် မကောင်းတဲ့ ကိုယ်အမူအရာ၊ နှုတ်အမူအရာ၊ စိတ်အမူအရာများကို ပြုပြင်ကြရန်ပင် ဖြစ်ပါသည်။

လူ့ဘဝတွင်၊ ပျော်သိက်ခါအသက်မွေးဝမ်းကြောင်း အတွက် အလျှည်းသင့်ရာ ဖလုပ်ကိုနာရီပိုင်း, မိနစ်ပိုင်း စက္ကန့်ပိုင်းမှ လုပ်ကိုင် နေကြတဲ့ ကိစ္စဟာ အခြား မဟုတ်ဘူး၊ အရောင်းနဲ့ အဝယ်အလုပ်ပဲ ဘဲ၊ ပစ္စည်း ဥစ္စာရလိုမှုနှင့် နေ့တိုင်း ရောင်းဝယ်နေကြတယ်၊ လူရှိ တဲ့နေရာမှန်သရွေ့ ဘယ်နေရာမှာဘဲဖြစ်ဖြစ်၊ အကဲခပ် ချင်တဲ့နေရာမှာ အကဲခပ် နိုင်သည်၊ မရောင်းရင်လဲ ဝယ်၊ မဝယ်ရင်လဲ ရောင်းသည်။ သို့ရောင်းဝယ် လုပ် ကိုင်ရာတွင် မိမိပြုလုပ်သော ကံသာလျှင် ကိုးကွယ်ရာ ဆိုသဖြင့်၊ အလုပ်ဆိုတာ စေတနာကောင်း ထား၍၊ လုပ်ကိုင်ပြောဆိုမှု, ကြံဖန်မှု ကောင်းလျှင်၊ စေတနာ သာ မူသဆိုသည့် ကံအရင်းခံဖြစ်၍၊ စေတနာကောင်းမှ ကံကောင်းကြမည်ဖြစ်သည်။

သို့ အသက်မွေးဝမ်းကြောင်းအတွက် ပစ္စည်းရှာရ သော အလုပ်အကိုင် အရောင်းအဝယ်ဟူသမျှကို ပါဠိ လို အာဇီဝ ဟု ခေါ်သည်။ မတရားသော ပစ္စည်းရှာမှု ရှောင်ကြဉ်၍ တရားသဖြင့် ပစ္စည်းဥစ္စာရှာလျှင် အာဇီဝ စင်ကြယ်သဖြင့် ကောင်းသော အသက်မွေးခြင်းဟု ဆိုသည်။

မုဆိုး,တံငါ အလုပ်ဖြင့် သူ့အသက်ကို သတ်၍ ပစ္စည်းရှာရသော ပါဏာတိပါတမှု၊ သူခိုး,ဓါးပြ လုပ်၍ ပစ္စည်းရှာရသော အဒိန္နာဒါနမှု၊ သူတပါး ပစ္စည်းပေးသဖြင့် ဖျက်ဆီးရသော ကာမမှု၊ မတရားသက်သေ ရွှေနေလိုက်၍ ပစ္စည်းရှာရသော မုသာဝါဒမှု၊ ပစ္စည်းရအောင် ရန်တိုက်ပေးရသော ပိသုဏာဝါစာမှု၊ သူတပါးပစ္စည်းပေး၍ အဆဲခိုင်းသဖြင့် ဆဲရသော ဖရုသဝါစာမှု၊ ကြားရသူ စိတ်လေလွင့်ရုံသာဖြစ်သော သမ္ဖလာပမှုများသည်၊ လူ့ဘို့၏ အသက်မွေး ဝမ်းကြောင်း မကောင်းသော မိစ္ဆာဇီဝအသက်မွေးမှုများဖြစ်သည်။

ကိုယ်ဖြင့် ပြုအပ်သော ပါဏာတိပါတ အဒိန္နာဒါန၊ ကာမေသုမိစ္ဆာစာရ ဟူသော ကာယကံသုံးပါး၊ မုသာဝါဒ၊ ပိသုဏာဝါစာ၊ ဖရုသဝါစာ သမ္ဖပ္ပလာပ ဟူသော စဇီကံလေးပါး၊ အဘိဇ္ဈာ၊ ဗျာပါဒ၊ မိစ္ဆာဒိဋ္ဌိ ဟူသော မနောကံသုံးပါး၊ ပေါင်းအကုသလ ကမ္မပထတရား ဆယ်ပါးတို့ပေတည်း။

သဂါထာဝဂ္ဂ သံယုတ်၊ ကောသလသံယုတ်၌၊ ကောသလမင်းကြီးလျှောက်ထားသဖြင့် ဘုရားရှင်မြွက်ကြားတော်မူခြင်း အတိုချုပ်အာဘော်မှာ မင်းကြီး၊မိမိကိုယ်ကို မိမိချစ်လှပါသည် ဆိုသော သူတို့သည် ကာယဒုစရိုက်သုံးပါး၊ ဝစီဒုစရိုက်လေးပါး၊ မနောဒုစရိုက်သုံးပါး၊ ဤဒုစရိုက် ဆယ်ပါးကို ရှောင်ကြဉ်၍၊ ကာယသုစရိုက်၊ ဝစီသုစရိုက်၊ မနောသုစရိုက်တို့ကို ကြံဒိပိတ်

ကူး ပြောဆိုလုပ်ကိုင် ရောင်းဝယ် နေထိုင် သူတို့သာ-
လျှင် မိမိကိုယ်ကို မိမိတကယ်ချစ်သော ပုဂ္ဂိုလ်ဟူ၍ ငါ
ဘုရား ဆုံးမတော်မူ၏ဟု မြွက်ကြား တော်မူသည်။

ပါဏာတိပါတာ ဝေရမဏီ သိက္ခာပဒံ သမာဒိ
ယာမိ(ပါဠိ)၊ သူ့အသက် သတ်ခြင်းမှ ရှောင်ကြဉ်
ပါ၏(မြန်မာလို)။

အဒိန္နာဒါနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ၊
သူ့ဥစ္စာကိုခိုးယူခြင်းမှ ရှောင်ကြဉ်ပါ၏၊ ၎င်း၌အဒိန္နာ
ဒါနာ ဟုဆို၊ အဒ္ဒိန္န မဆိုနှင့်၊

ကာမေသု မိစ္ဆာစာရာ ဝေရမဏီ သိက္ခာပဒံ
သမာဒိယာမိ၊ သူတပါး၏မယားနှင့်အုပ်ထိန်းခြင်း မ
ကင်းသော သွေးပျိုများကို မေထုန်ပြုခြင်းမှ ရှောင်ကြဉ်
ပါ၏။

မုသာဝါဒါ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ၊
မဟုတ်မမှန်သော စကားကိုပြောဆိုခြင်းမှ ရှောင်ကြဉ်
ပါ၏။

သုရာမေရယ မဇ္ဇပမာဒဋ္ဌာနာ ဝေရမဏီ သိက္ခာ
ပဒံ သမာဒိယာမိ၊ သေရည်သေရက် သောက်ခြင်းမှ
ရှောင်ကြဉ်ပါ၏။

တပါးနှစ်ပါး တွေ့ရက် လိုက်သောအခါ၊ ငါးပါး
ရှိသောကြောင့် ငါးပါးသီလလို့ ခေါ်သည်။ ငါးပါး
သီလကို ဆောက်တည် စောင့်ထိန်းသည် ဖြစ်စေ၊ မ
စောင့်ထိန်းသည် ဖြစ်စေ၊ လွန်ကြူးလျှင် အပြစ်ခံရ

မည်ဖြစ်၏၊ လွန်ကြူးလျှင် သေတဲ့အခါ၊ အပါယ်လေး ဘုံသို့ ရောက်ရမည်သာဖြစ်၏၊ အပါယ်မှတဖန် လူ့ဘုံ သို့ရောက်လာပြန်လျှင် အနာရောဂါများခြင်း၊ ဆင်းရဲ ဒုက္ခရောက်ခြင်း၊ သူတပါးပြုသော မကောင်းမှုများ မိမိပေါ်သို့ ကျရောက်ရခြင်း စသောအပြစ်တွေကို ခံရ ပြန်ပါသည်ဟု အင်္ဂုတ္တရနိကာယ် အဋ္ဌကထာ၌ ဒီအတိုင်း အသေးစိတ်အားဖြင့် ဖော်ပြထားသည်၊

ခါးဝတ်ပုဆိုးကဲ့သို့ မြဲမြဲစောင့်ထိန်းသူများကိုတော့ သေတဲ့အခါ နတ်ပြည် ရောက်ပါသည်၊ လူ့ဘုံသို့ ပြန် ဖြစ်လာသောအခါ၊ သူတပါး လက်နက်နှင့်မသေရခြင်း အနာရောဂါကင်းခြင်း စသော အကျိုးတွေကို ခံစားရ သည်ဟု ဇာတိဝဂ္ဂ အဋ္ဌကထာ တိကနိပါတ်အသေး စိတ်အားဖြင့် ဒီအတိုင်း ဖော်ပြ ထားသည်၊

ထိုငါးပါးသီလကို လူတို့ စောင့်ထိန်း အပ်သော သီလဖြစ်သောကြောင့် ဂဟဋ္ဌ သီလဟူ၍လည်း ခေါ် သည်၊ ခါးဝတ်ပုဆိုးကဲ့သို့ အမြဲမပြတ် စောင့်ထိန်း အပ်သောကြောင့် နိစ္စသီလ ဟူ၍လည်း ခေါ်သည်၊ ထို ငါးပါးသီလကို အရိယာသူတော်ကောင်းတို့၏ တရား ဖြစ်သောကြောင့် အရိယဓမ္မသီလ ဟူ၍လည်း ခေါ် သည်၊ ထိုငါးပါးသီလကို အရိယာ သူတော်ကောင်းတို့ နှစ်သက်အပ်သော သီလ ဖြစ်သောကြောင့် အရိယာ ကန္တ သီလဟူ၍လည်း ခေါ်သည်၊ ထိုငါးပါးသီလ သိက္ခာပုဒ်များကို ကြူးလွန်မိလျှင်လောက၌ဖြစ်ရှိသော

လောကဝဇ္ဇ သိက္ခာပုဒ်များ ဖြစ်သောကြောင့် သီလ မခံယူဘဲ၊ မဆောက်တည်ဘဲ၊ ကျူးလွန် လျှင်လည်း အပြစ်ရှိသည်။ ငရဲကျသည်၊ သီလခံယူ ဆောက်တည် ပြီးမှ လွန်ကျူးလျှင်လည်း အပြစ်ရှိသည်ဟု မှတ်လေ။

ရှေးရှေးအခါ၊ ကမ္ဘာ စဉ်ဆက်က စကြာဝတေး မင်းဟူသမျှတို့သည်၊ ကမ္ဘာသူကမ္ဘာသားတို့ကို အုပ်ချုပ်ရာ၌၊ အထူးတလည် ဥပဒေ ဓမ္မသတ် မထားဘဲ၊ ဤငါးပါးသီလကို ဓမ္မသတ် ရာဇသတ် ဥပဒေပြု၍၊ အုပ်ချုပ်ကြသောကြောင့် ငါးပါးသီလကို စကြာဝတ္တိ ဓမ္မသတ်စကြဝတေးမင်းတို့၏ ဓမ္မသတ်ဟုခေါ်သည်။

ဘုန်းတော်ကြီး ဦးသီလသည်၊ ဤသိက္ခာပုဒ်ငါးရ ငါးပါးသီလ ပေးပုံမှာ ပရိသတ်ကြီး တစုလုံးက ဩကာသဆိုကြ၍ အဆုံးတွင် ပလ္လင်ပေါ်မှ ဘုန်းတော်ကြီး ဦးသီလက ဆုပေးခြင်းမရှိဘဲ၊ အဟံ ဘန္တေ ဆိုကြ နမောတဿ ဆိုကြ၊ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ ဆိုကြ၊ ပါဏာတိပါတာ ဆိုကြ၊ အဒိန္နာဒါနာ ဆိုကြ၊ ကာမေသုမိစ္ဆာစာရာ ဆိုကြ၊ မုသာဝါဒါ ဆိုကြ၊ သုရာမေရယ ဆိုကြ၊ အပ္ပမာဒေန သမ္ပာဒေထဟု အဆုံးသတ် ချီးတော်မူ၍ ထိုနောက် တရားရှေ့ ဟောဘို့မရှိဘူး၊ ယခုခံယူကြတဲ့ ငါးပါးသီလကိုသာ မြဲအောင်စောင့် ထိန်းကြ၊ ငါးပါးသီလ မြဲလျှင် စိတ်ချရသည်ဟု မိန့် တော်မူပြီးလျှင် ပလ္လင်ပေါ်မှ ဆင်း၍ ကြွတော်မူလေ သည်။

ဘုန်းတော်ကြီး ဦးသိလကား၊ ငါးပါးသီလကိုပင် အဆုံးမဆို၊ အစလောက်သာ ပေါ၍ ဆိုကြဆိုကြ နှင့် ၂ရိသတ် ဟုသာ ဆိုခိုင်းတော်မူသည်၊ ပရိသတ်မှာ ဦးသိလ၏ ငါးပါးသီလ ပေးဘော်မှုပုံနှင့် ငါးပါး သီလကိုသာ မြဲအောင် စောင့်ထိန်းကြဟူသော မိန့် ခွန်းကို အရှုလိုက် သဲလိုက် နှစ်ချိုက်တော် မူကြလျက်၊ သီလမြဲကြလေသည်၊

သီလမြဲပါတယ်ဆိုတဲ့ လူတွေတောင်တခါတလေ ခြေချော် လက်ချော်ဖြစ်ပြီး အပါယ်လေးဘုံသို့ကျသွား နိုင်သေးရင် ငါးပါးသီလဆိုတာ ဘာမှန်းမသိတဲ့ လူ တွေ သိပြီနိုင်လျှင်လည်း မစောင့်ထိန်းတဲ့ သူတွေဟာ အပါယ်လေးဘုံသို့ ကျမည်မှာ မှုအားဖြင့် ကိန်းသေ၏၊ အချုံးအမြွက်စကားနှင့် ပြောလျှင် လူဘလောက်ဟာ သေပြီးတဲ့နောက်၊ လူ့ဘုံမှာ လူပြန်ဖြစ်ရင် အတိုးမရှိ အရင်းအတိုင်းပင်ဖြစ်၏၊ နတ်သော်၎င်း၊ ဗြဟ္မာသော် ၎င်းဖြစ်လျှင်မြတ်သည်၊ ဘိ ရွှ နဲ့ ပြိတ္တာ, အသူရကာယ် ငရဲသူငရဲသားတွေထဲက ကဦးဦးဖြစ်ရလျှင်ရှုံးသည်၊

လွန်လေပြီးသော အတိတ်ကာလနှင့် ယခုပစ္စုပ္ပန် ကာလတို့မှာ အကြောင်းအကျိုး ဆက်ထည်း ဖြစ် သကဲ့သို့ ယခုပစ္စုပ္ပန်ကာလနှင့် မည့် အနာဂါတ် ကာလသည်လည်း အကြောင်းအကျိုး တဆက်ထည်း ပင်ဖြစ်ရမည်၊ အတိတ်ကာလ ကောင်းမှုကို ပြုလုပ် သူသည်၊ ယခုဘဝပစ္စုပ္ပန်၌ ကောင်းကျိုးကိုရသကဲ့သို့

ယခုဘဝပဋိသန္ဓေမှ ကောင်းမှုကို ပြုလုပ်သူသည်လည်း နောင်အနာဂါတ် ဘဝတွင် ကောင်းကျိုးကို ရပေလိမ့်မည်။

ရှေးအခါက၊ ရာဇဂြိုဟ် တံဆိပ်တော်ရ ဆရာတော်ကြီးတပါး ဆွမ်းဘုန်းပေးနေခိုက်၊ ကျောင်းအောက်မှ တယောထိုးကာ တောင်းစားသူတယောက်က ဆရာတော်ကြီး ကြားလောက်အောင် ရှေးက ကောင်းလို့ ခုကောင်းတယ်၊ ယခုကောင်း နောင်ကောင်းပါလိမ့်မယ်ဟု သီချင်းဆိုကာ၊ ချီးကျူး တောင်းဆိုလေသော်၊ ဆရာတော်ကြီးကြားတော်မူလျှင်အခါ-တယောသမားဆိုလိုက်တဲ့သီချင်းဟာ တရားသဘောနဲ့ ကိုက်ညီလှပေတယ်၊ အတိတ်, ပဋိသန္ဓေ, အနာဂါတ် ကာလသုံးပါးဟာ တခုနှင့်တခု အကြောင်းအကျိုး ဆက်နေတယ်၊ ရှေးအတိတ်ကကောင်းလို့ ယခုကောင်းတယ်၊ ယခုကောင်းလို့ရှိရင် နောင်ဘဝလဲကောင်းမှာဘဲဆိုတာ ဘယ်သူမှ မငြင်းနိုင်ဘူးဟု မိန့်တော်မူသတဲ့။

ယခုဘဝနဲ့ နောင်ဘဝ အကျိုးအကြောင်း ဆက်နေပါလျက်၊ ယခုဘဝသည် နောက်ဆုံးဘဝဖြစ်၏၊ နောက်ဘဝဟူ၍ မရှိဟူ သော ဥစ္ဆေဒဒိဋ္ဌိ အယူ ရှိသူများ ဖြစ်ပေါ်လာသည်မှာ အလွန် အံ့ဩဘွယ် ကောင်းပေသည်၊ ယခု ဘဝတခုကိုသာ မြင်၍ လာလတံ့သော ဘဝကိုမမြင်သဘောမကျ၊ ၍သို့သောပုဂ္ဂိုလ်များသည် နောင်ဘဝအတွက် စိုးရိမ်ဘွယ် ထိတ်လန့်ဘွယ်ရှိသည်

ဟု မယုံကြည် သောကြောင့် ယခု ဖြစ်နေသဲ ဘဝမှာ ချမ်းသာလာလျှင် ပြည့်စုံလျှင် အထက်တန်း ရောက်လျှင် တော်ပြီ ကြေနပ်ပြီဟု သဘောပိုက်ကာ၊ တရားလမ်းမှန် မမှန်ကို ပမာမထားတော့ဘဲ၊ မိမိပစ္စည်းရရေး၊ ပြည့်စုံရေး၊ အထက်တန်း ရောက်ရေး တခုကိုသာ ကြည့်၍ ထင်သလို ပြုကျင့် တော့သည်၊ ယခုဘဝသည် နောက်ဘဝဖြစ်ရန် အကြောင်းခံဖြစ်သည်၊ အကြောင်းမကောင်းသမျှ အကျိုး ဘဝတွေ ဆက်၍ ဖြစ်ဦးမည်။

## ပဒေသာပင်

လူ့ဘုံ၊လူ့ဘဝသည်၊ ပဒေသာပင်နှင့်တူသည်၊ ပဒေသာပင်၏ သဘောသည် အသုံးအဆောင် ဝတ္ထုမျိုးစုံ ပါရှိသဖြင့် အမျိုးမျိုး ကြိုက်ရာကို ဖြုတ်ယူ သုံးစွဲနိုင်သလို ပဒေသာပင်နှင့်တူသော လူ့အဖြစ်၊ လူ့ဘဝကမှ မိမိကြိုက်ရာ နတ်၊ ပြဟ္မာ အဖြစ်ကို ရနိုင်ပေသည်။ လူ့ရပ်လူ့ရွာနက ပါရမီအရင်းခံပြီး၊ ဒါန၊ သီလ အားထုတ်မှ နတ်ဖြစ်နိုင်ပေသည်၊ ဘာဝနာပွားမှ ပြဟ္မာ ဖြစ်နိုင်ပေသည်၊ ရဟန္တာ ဖြစ်အောင်၊ ပစ္စေကဗုဒ္ဓါ ဖြစ်အောင်၊ ဘုရားဖြစ်အောင် ဆယ်ဝသော ပါရမီ၊ ငါးလီသော စာဂ၊ စရိယ သုံးတွေတို့ကို မနေမနား ကြိုးစားအားထုတ်ရာတွင် လူ့ဘုံလူ့ဘဝကမှ အားရ ပြည့်ဝအောင် ကြိုးစားခွင့်ရပေသည်။ သို့အတွက် လူ့ဘဝ လူ့အဖြစ်သည် အရင်းမူလ ပဒေသာပင်ဟု ဆိုရပါသည်။ နတ်၊

ဖြဟ္မာသည့် အကိုင်းအခက်နှင့်တူသောကြောင့် ဒုလ္လဘတရားတွင် ပါဝင်ထည့်သွင်းခြင်းမပြုရပေ။

တနည်း ဆိုဖြန်ပါသော် လူဘုလူဘဝသည် ပင်လယ် ဆိပ်ကမ်းကြီးနှင့် တူပေသည်။ ဆိပ် ကမ်း မှ သင်္ဘော၊လှေ၊သမ္ဗန်စီးပြီး၊ မိမိတို့လိုရာ ခရီးသို့ ရုန်းဆန်သွားလာနိုင်သလို လူဘုံလူအဖြစ်ဟူသော ဆိပ်ကမ်းမှ ဈာန်တရား, မဂ်တရားများရအောင် ကြိုးစားပါက၊ နတ်,ဗြဟ္မာ,ဘုရား,ရဟန္တာအဖြစ်သို့ ရောက်အောင်လိုက်တို့ဆန်တက်နိုင်သည်၊ အမိသတ်အဖသတ်ခြင်းစသောကံကြီးများကိုကျူးလွန်မိပြန်လျှင်လဲ မဟာအဝီစိငရဲရောက်အောင် စုံဆင်းနိုင်ပေသည်။သို့ကြောင့် လူဘဝသည်ဘဝဆိပ်ကမ်းကြီးနှင့်တူသည်ဟုဆိုသည်။

ကံကောင်း၍လူဘဝလူအဖြစ်သို့ရောက်လာတဲ့အခါ အထူးသတိထား၍ စိတ်ကောင်း ကလေး တခုမွေးမြူပါ။

သူများအကျိုး ပျက်စီးတာကို ဘယ်သောအခါမျှမလုပ်နှင့်၊ မပြောနှင့်၊ မကြံနှင့်၊ ကြမ်းတမ်းသောစကားကို မဆိုနှင့်၊ မေတ္တာနှင့်ယှဉ်သော စကားကို ဖြစ်စေရမည်။ အကောင်းကြံ, အမှန်လုပ်, အဟုတ်ပြော၊ ယခုလက်ရှိအချိန်ထက် ကောင်းသောအချိန်မရှိ လက်ရှိအချိန်ကို နိဗ္ဗာန်အထိအကျိုးရှိအောင် ကျင့်သုံးသွားပါ။

ကြည်သော ရေရှိသော ရေအိုင်ငယ် တခုတွင် အထက်ကောင်းကင်၌ရှိခါကျီးတို့သည် ပျံသန်းကုန်၏။

ရံခါ ဗျိုင်းမြွတ်တို့သည် ပျံသန်းကုန်၏၊ ကျီးပျံသော အခါ ရေထဲမှာ ကျီးရိပ်သည် ပျံသန်းလျက်ပေါ်၏၊ ဗျိုင်းပျံသောအခါ ရေထဲမှာ ဗျိုင်းရိပ်သည် ပျံသန်း လျက်ပေါ်၏၊ ပျံသန်းသူ မရှိသောအခါ ရေ ထဲ မှာ ကောင်းကင်ရိပ်သာပေါ်နေ၏။ ကျီးရိပ်သည် ကျီး ကောင်နှင့်ရေကြည်နှစ်ပါး ဆုံတွေ့ဆဲအခါ၌သာ ဖြစ် ပေါ်၏၊ အထက်ကောင်းကင်မှာ ကျီးမရှိလျှင်ကျီးရိပ် မပေါ်နိုင်၊ ကျီးရိပ်မှကျီးကောင်ပေါ်နိုင်၏၊ ဗျိုင်းရိပ် မပေါ်နိုင်။

နှစ်လုံးအိမ်သည်ရေအိုင်ငယ်နှင့်တူ၏။ နှစ်လုံးသွေး သည် ရေကြည်နှင့်တူ၏။ ယောနိသော မနသိကာရ စသည်တို့နှင့် ဖြစ်ကုန်သော အဆင်း, သဏ္ဌာန်, အာရုံ ဝတ္ထုမျိုးတို့သည် ကျီးကောင်, ဗျိုင်းကောင် ကောင်း ကင်များနှင့်တူ၏။ ထိုအဆင်း, သဏ္ဌာန်စသည်ကို အာရုံ ပြု၍ နှစ်လုံးသွေးထဲတွင် ဖြစ်ပေါ်နေသော စိတ်ဉာဉ် များသည် ရေထဲတွင် ဖြစ်ပေါ်နေသော အရိပ်များနှင့် တူ၏၊ အကုသိုလ်စိတ်သည်မည်းနက်နေသောကျီးရိပ် နှင့်တူ၏၊ ကုသိုလ်စိတ်သည် ဖြူဖွေးသော ဗျိုင်းရိပ် နှင့်တူ၏။ အဗျာကတ စိတ်သည် မထင်ရှားလှသော ကောင်းကင်ရိပ်နှင့်တူ၏။

ထို့ကြောင့်၊ သတ္တဝါတို့၏ စိတ်သဏ္ဌာန်မှာ ရံခါ ဒါနစိတ်, သီလစိတ် စသော ကုသိုလ်မျိုးနှင့် နေကြ၏။ ရံခါ လောဘစိတ်နှင့်၊ ရံခါ ဒေါသစိတ်နှင့်၊ ရံခါ ဝိစိ

ကိစ္စာ,ဥဒ္ဓစ္စ မောဟစိတ်များနှင့်နေကြကုန်၏၊ အိပ်ပျော်နေစဉ်အခါ၊ ဘဝင် အဗျာကတစိတ်များနှင့်နေကြကုန်၏ ကုသိုလ်စိတ်, ကောင်းသော အကြံအစည်များ၊ အကုသိုလ်စိတ်, မကောင်းသော အကြံအစည်များ၊ ဘဝင် အဗျာကတစိတ်, ကောင်းသည်။ မကောင်း သည်ဟု ပြောဆိုရန် ဗျာပါရကိစ္စ မထင်ရှားဘဲ၊ ငုတ်မြှုပ်မှိန်မှေးသော အကြံအစည်များကို ဆိုလိုသည်၊

အဝိဇ္ဇာသည် အကုသိုလ်မိုလ်မျိုးကြီးဖြစ်၍၊ နှစ်လုံးသွေးတွင် မည်းညစ်သော အကုသိုလ် စိတ်များဖြစ်ပေါ်နေခိုက်သာလျှင် နှစ်လုံးသွေးမှာ ဖြစ်ပေါ်ရှိနေ၏၊ နှစ်လုံးသွေးမှာ ဖြူစင်သော ကုသိုလ်စိတ်များ အဗျာကတစိတ်များဖြစ်ပေါ် လှည့်ကျသောအခါ၊ နှစ်လုံးသွေးမှာ အကုသိုလ်စိတ်များ ကွယ်ပျောက်၏၊ ချုပ်ဆုံး၏၊ အဝိဇ္ဇာလည်းကွယ်ပျောက်၏၊ ချုပ်ဆုံး၏၊ ဤသို့ကွယ်ပျောက် ချုပ်ဆုံးမှုကို အနိစ္စလက္ခဏာဟုဆိုသည်၊ တယောက်သောသူ၏ သန္တာန်တွင် တနေ့အဘို့မှာ လောဘ အကုသိုလ်၊ ဒေါသအကုသိုလ်၊ မောဟ အကုသိုလ်များ အလှည့်ပေါင်းတထောင်မက ဖြစ်ပေါ်၍ ထထောင်မက ကွယ်ပျောက်ချုပ်ဆုံး၏၊ ရေအိုင်တွင်း၌ တနေ့အဘို့မှာပင် မည်းနက်သော ကျီးရိပ် အခါခါဖြစ်ပေါ်၊ အခါခါ ကွယ်ပျောက်သည်နှင့် အလားတူ မြင်ရလေ၊ တနေ့တရက်မှာ မြင်တတ် ပါလျှင်၊ တဘဝ လုံးမှာ အဝိဇ္ဇာချုပ်ဆုံးမှုတွေကိုမြင်နိုင်တော့သည်၊ အကုသိုလ်

စိတ်မျိုးတွင် လောဘမှ စိတ်မျိုး၊ ဒေါသမှ စိတ်မျိုး၊ မောဟမှ စိတ်မျိုးများသည် ပဋိစ္စသမုပ္ပါဒ်တရားမျိုး၊ ဖြစ်ကြ၍၊ သူ့အကြောင်းတရား ဆိုက်လာခိုက်၌သာ သူ့အကျိုးတရား ဖြစ်ပေါ်နိုင်၏၊ သူ့အကြောင်းတရား ရှိနေခိုက်သာလျှင် သူ့အကျိုးတရား ရှိနေနိုင်၏။

## နိမ့်တုံမြင့်တုံ ဘဝမျိုးစုံ

မြတ်စွာဘုရားသည်၊ ရာဇဂြိုဟ်ပြည်၊ ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ်၊ အခါတပါး နောက်ပါ သံဃာတော်များနှင့် မြို့တွင်းသို့ ဆွမ်းခံဝင်တော်မူ၏၊ ရာဇဂြိုဟ်မြို့တွင်း တခုသောအိမ်၏တံခါးဝ၌ ဝက်ပျိုမလေးတကောင်ကို တွေ့မြင်တော် မူသည်နှင့် ဘုရားရှင် ပြုံးတော်မူ၏၊ ပြုံးတော် မူသောကြောင့် ဖြူဝင်းသော အလင်းရောင် တို့သည် တခဏခြင်း ဖြာထွက်လာသည်ကို နောက်တော်ပါးမှ ပါလာသော အရှင်အာနန္ဒာက မြင်သောကြောင့် ပြုံးတော်မူခြင်း အကြောင်းကို မေးလျှောက်တော်မူရာ၊

ဘုရားရှင်က၊ ချစ်သား အာနန္ဒာ.....ဤ ဝက်ပျိုမလေးကို ကြည့်စမ်း ဤဝက်ပျိုမလေးဟာ ကကုသန် ဘုရား လက်ထက်တော်က၊ ယောဂီ ရိပ်သာအတွင်းရှိ၊ ဇရပ်တခု၏အောက်၌ ကြက်မကလေး ဖြစ်ခဲ့ဘူးတယ်၊ ဇရပ်ပေါ်မှ ယောဂီတဦး၏ ရွတ်ဘတ်သော ဝိပဿနာ ကမ္မဋ္ဌာန်းတရားသံကို ကြားနာရသောကြောင့်ကြက်မ

တပည့်တော်ဟာ ရှေးအခါက၊ အရှင် ဘုရားများ ကဲ့သို့ ရဟန်း ဖြစ်ပါသည်ဘုရား၊ အရှင်ဘုရားတို့မှာ စိတ်၏ တည်ကြည်ခြင်းမျှပင် မရကြသေးပါ၊ တပည့် တော်ကား၊ သာသနာမှာနေစဉ်က တန်ခိုးအာနုဘော် ကြီးသော ပုဂ္ဂိုလ်တယောက်ဖြစ်ပါတယ်။ ကောင်းကင် ကို မြေဖြစ်အောင် မြေကို ကောင်းကင် ဖြစ်အောင်၊ အဝေးကိုအနီးဖြစ်အောင်၊ အနီးကို အဝေးဖြစ်အောင်၊ ဖန်ဆင်းနိုင်ပါ၏ဘုရား။

စကြာဝဠာတသိန်းမျှကို တခဏခြင်း ရောက်နိုင်ပါ တယ်ဘုရား၊ တပည့်တော် လက်တွေကို ကြည့်ပါ၊ မြောက်လက်နှင့်မခြားဖြစ်နေပေမဲ့ ဒီလက်တွေနဲ့ နေ လ ကို ဖမ်း၍ စမ်းသပ်ကိုင်တွယ် ခဲ့ဘူးပါတယ်ဘုရား၊

ဒီခြေထောက်တွေနဲ့ ခုလ ပေါ်မှာ နင်းလာခဲ့သူပါ ဘုရား ဓါမပေါက်ဟန်ဆုံးအရာမှာပြည့်စုံခဲ့ပေမဲ့ ပမာဒ မေ့လျော့မှု အားကြီးသောကြောင့် ဒီဘဝ ဒီအခြေကို ရောက်ခဲ့ရပါပြီဘုရား။ မေ့လျော့နေသူများမှာ တပည့် တော်ပိုဘဲ ပျက်စီးရဦးမှာဘဲဘုရား၊ တပည့်တော်ကို အာရုံပြု၍ အရှင်ဘုရားတို့ တရားအား ထုတ်တော်မူကြ ပါဘုရားလို့ လျှောက်ထားတယ်၊ အဲဒီလိုလျှောက်ထား လိုက်တော့ သုံးကျိပ်သော ရဟန်းတို့သည် သံဝေဂ တရားရပြီး ဝိပဿနာပွားကာအဲဒီနေရာမှာဘဲရဟန္တာ တွေဖြစ်ကုန်တယ်။

## ပုထုဇဉ်တို့ ရက်စက်ပုံ

ရှေးက၊ သာဝတ္ထိပြည်၊ ရွဲတွင်း သွီးခင်ပွန်း နှစ်ယောက်အိမ်၌၊ ၁၂-နှစ်ကာလပတ်လုံး ရဟန်းတပါးပင့်၍ အမြဲအားဖြင့် ဆွမ်းကျွေး ကြလေသည်။ အခါတပါး ရွဲတွင်းသမားသည်၊ မယေရိအပါး၌အမဲသားခုတ်လှီး စဉ် ကောသလမင်းမြတ်ထံမှ ပွတ်သွေး တွင်းဖေါက်၍ ပို့လိုက်ရမည်ဟု ပို့လာသော ပတ္တမြားကိုတင်ထား၍ အိမ်တွင်းသို့ လက်ဆေးရန် ဝင်သွားခိုက်၊ အမဲသား မှတ်ထင်၍ အိမ်၌ မွေးထားသော ကြိုးကြာသည် ပတ္တမြားလုံးကိုမျိုချလိုက်လေ၏။

ရွဲတွင်းသမားလာသော် ထားရာဌာန၌ ပတ္တမြား ရွဲလုံးကို မတွေ့သဖြင့်၊ ဒီရဟန်းပင် ခိုးမှာဘဲ ဟုသော အမှတ်နှင့်စဉ်းစားခြင်းမရှိဘဲမယေရိဖြတ်ဥကြောင်းကို

ကြိုးနှင့်ချိန္တောင်၍ ရိုက်နှက် လိုက်ရာ၊ သွေးချောင်းစီး ကျလာလေတော့သည်၊

ထိုအခါ ကြိုးကြာက မထေရ်မြတ်၏ ဥကျောင်းမှ ယိုစီးကျလာသောသွေးများကိုသောက်ပြန်ရာ၊ ရွှေတွင်း သမားက တဖန် ခြေနှင့် ကန်လိုက်ရာ ကြိုးကြာစင်းစင်း သေရပြန်သည်။

ရွှေတွင်းသမားကတော်က တောင်းပန်သည့်ကိုပင် မရ၊ ထိုအခါ မထေရ်မြတ်က ကြိုးကြာ သေပြီလော တကာဟု မေးသဖြင့်၊ သေသည့်အကြောင်းကိုလျှောက် သည့်အခါ ရွှေတွင်းသမား သင်၏ပတ္တမြားလုံးကိုငါမယူ ကြိုးကြာဝမ်းတွင် ခွဲကြည့်ပေတော့ဟု အမိန့်ရှိသဖြင့် ခွဲကြည့်ရာ၊ ပတ္တမြားလုံးကို တွေ့မြင်မှ တပည့်တော် မှားပါပြီ သီးခံတော်မူပါဘုရားဟု တောင်းပန် ကန် တော့လေသည်၊

မထေရ်မြတ်လည်း၊ အကြံဖြစ်တော်မူသည်ငါသည် သူတပါးတို့၏ အိမ်အတွင်းသို့ ဝင်မိ ခြင်း ကြောင့် သိုက်လောက် ဆင်းရဲရတော့သည်၊ယနေ့မှစ၍ ကျိန်း မာစွာရှိလျှင် အိမ်တံခါးဝ၌သာနေ၍ ဆွမ်းရပ် တော့ မည်ဟု နှလုံးပြု၍၊ ပိဏ္ဍပါတ် ဓူတင်ကို ဆောက်တည် တော်မူသည်။မကြာမှီပင် ရွှေတွင်းသမားရိုက်နှက်သော ဒဏ်ကြောင့်ပရိနိဗ္ဗာန်စံတော်မူရှာသည်၊ရဟန်းတော် တပါးကို ဆွမ်းပင့်ကျွေးပြီး၊ဆွမ်းတကာက ရိုက်နှက်၍ ပြန်လွှန်တော်မူရသည်ဆိုခါ၊ ကြော်မကောင်းကြားမ

ကောင်း နေ့ခင်း ဆွမ်းစား ပင့်လို့မှ မလိုက်ရဲအောင် ဖြစ်တတ်ပါသည်။ ရွာတွင်းသမားသေသောအခါ၊ ငရဲသို့ လားရသည်၊ ကြိုးကြာကစေတော့ လူ့ဝမ်းထဲ ပဋိသန္ဓေ တည်ရသည်။ တောင်းပန်သော မယားကတော့ နတ်ပြည်၌ဖြစ်ရသည်ဟု ဓမ္မပဒ၌ အထင်အရှား ဖော်ပြထားလေသည်။

၁၂-နှစ်ကာလပတ်လုံး အမြဲပင့်၍ ဆွမ်းကျွေးထားသောမထေရ်ဖြစ်ပါလျက်၊ ငဲ့ကွက်ညှာတာခြင်းမရှိဘဲ၊ ရက်စက်ပုံများသည် အတော်အံ့ဩစရာပင်ဖြစ်တော့သည်။ ယခုခေတ် တကာ၊ တကာမတို့မှာ ၁၂-နှစ်ကို ထားဦး၊ ၆-နှစ်ပြည့်အောင်အမြဲပင့်၍ရဟန်းတော်များကို ဆွမ်းကျွေးဘူးကြရဲ့လားလို့ မေးလျှင် ခက်နေကြပေလိမ့်မည်၊ မကျွေးဘူးကြပါဘူး ဒီတော့ရဟန်းတော်များကို ဆဲနိုင်,ဆိုနိုင်,ရိုက်နိုင် အခွင့်အခါ ကြုံလာပါက အမှန်ရိုက်ကြတော့မည်၊ ဆဲကြတော့မည်ဆိုဒါ ပြောစရာမလိုပါဘူး၊ ရိုက်မှာ,ဆဲမှာပါဘဲ။

ပုထုဇဉ်ဆိုဒါ သတ်လိုသော စိတ်ရှိလျှင် ဘုရားကိုသော်မှမရှောင်၊ ဖအေ,မအေကိုသော်မှမရှောင် သတ်ကြတော့မည်ပင်ဖြစ်သည်။

အင်္ဂုလိမာလသည် သာဝတ္ထိပြည်နယ်မှာ တောပုန်းခါးပြလုပ်၍ တောလမ်းခရီးသို့သွားလာသူများကို သတ်ဖြတ်ခါနေလေ၏။ သူ့တယောက်လျှင် လက်ညှိုးတချောင်းသာယူလေသည်၊

အကြောင်းကား၊ တက္ကသိုလ် ပညာတော်သင်စဉ်သူသည် ဥာဏ်ထက်သန်သူဖြစ်သောကြောင့် ဆရာကြီးနှင့်ဆရာကတော်ပါလွန်စွာအချစ်ခံရသောသူဖြစ်သည့်အတွက် တခြား ကျောင်းသားတို့က ဆရာကြီးအားတိုက်ကြသောကြောင့် ဆရာကတော်နှင့်အထင်မှားခံရရှာသည်၊ ထိုကြောင့်သူများသတ်၍ သေစေလိုသောဆရာကြီးသည် လူတထောင် သတ်နိုင်မှ ပညာအကျိုးရမည်ဟု ပြောဆိုစေခိုင်းလေသည်၊ ထိုကြောင့် တောပုန်းလုပ်၍ လူသတ်ရသည်၊

လက်ညှိုးတထောင်ပြည့်ဖို့တယောက်သာလိုသောနေ့၌၊ သားကိုတောင်းပန်ရန်ထွက်လာသော မယ်တော်မိခင်ကိုပင် သတ်စရာ မြင်သောကြောင့် တင်ကြို၍ကြွလာတော်မူသော ဘုရားရှင်ကိုလည်းသတ်ဖို့လိုက်ပြန်ရာ၊ ဘုရားတန်ခိုးတော်ကြောင့် မမှီနိုင်ဘဲ၊ နောက်ဆုံး၌ တရားရ၍ ရဟန်းပြုတော်မူလေသည်။

ပုထုဇဉ်ဆိုဒါ အမေကိုသတ်လိုတဲ့ စိတ်မျိုးဖြစ်လာလျှင် မချ သတ်နိုင်သည်။ ထိုကြောင့် ပုထုဇဉ်ဆိုလျှင်အနှားကပ်ဖို့တောင် မကောင်းတော့ဘူး။ ခပ်ဝေးဝေးကပင် ရှောင်ဖို့ကောင်းတော့သည်။

အမိကိုသတ်မယ်၊ အဘကိုသတ်မယ်၊ ရဟန္တာကိုသတ်မယ်၊ ဘုရားသခင်ကို သွေးစိမ်းတည်အောင် လုပ်မယ်၊ သံဃာကို သင်း ခွဲ မယ် ဆို တဲ့ ကံကြီး ငါးပါးတပါး ပါးကို လွန်ကြူးမိက၊ သေသည်၏အခြားမဲ့၌၊

မချွတ်မလွဲ ငရဲသို့ ခံရဘို့ များတော့သည်၊ ထိုကံကို ပျောက်အောင်၊ ငရဲမကျအောင် လုပ်လို့မရ၊ သို့ဖြစ်၍ ကျွန်ုပ်၊ မဟာစေတီကြီးက ရွှေသားအတိ ပြီးစေသော စေတီတော်နှင့်ပါင်း စကြာဝဠာပြည့်အောင် တည်သော်လည်း ထိုကံမှမလွတ်၊ စကြာဝဠာအပြည့် သံဃာတော်တို့ကို ပင့်၍ အလှူကြီးပေးသော်လည်း ထိုကံမှ မလွတ်၊ ဘုရားရှင်၏ သက်နှင်းတော်စွန်းကို အမြဲမပြတ် ကိုင်ဆွဲ၍ ကြွတော်မူရာ လိုက်သော်လည်း ထိုမကောင်းမှုကံမှမလွတ်ရာသတည်း။ ပုထုဇဉ်ဆိုဒါ ဤကံကြီးများကို ပြုတတ်ပါသည်၊ ထိုကြောင့် ပုထုဇဉ်နှယ် အတွင်းမှ လွတ်ကင်းအောင် အရိယာ၊ ဖြစ်အောင် အားထုတ်ကြပါဟု တိုက်တွန်းလိုက်ရပေသတည်း။

## ယခုခေတ်နှင့်အရိယာ

သာသနာတော်မှာ အမြင်အားဖြင့် တဘက်မှချီးမြှင့် ထောက်ပန့်သူ၊ တဘက်မှ ပရိယတ်, ပဋိပတ် အားထုတ်သူများ ရှိလာခဲ့သည့်အလျောက်၊ ဘာသာတရားဟူသမျှအား ဖိနှိပ် ဝါးမျို လိုသည့် ရုပ်ဝါဒဆိုးကြီးကြောင့် အားလုံးလိုပင် ဂါရဝ,နိစါတ လူကျင့်တရားပျက်စီးခြင်းများကို မျက်မြင်ကြုံတွေ့၍နေရသော ယခုမျက်မှောက်ခေတ်ကြီး၌၊ အရိယာပုဂ္ဂိုလ်များ ရှိပါသေး၏လော၊ ရှိနိုင်ပါသေး၏လောဟု သံသယ ဖြစ်မိကြမည့် သူတော်ကောင်းများအတွက် အရိယာ ပုဂ္ဂိုလ်

များ ရှိပါသေးသည်။ ရှိနိုင် ပါသေးသည်၊ နည်းမှန် အတိုင်းပင်၊ အမိယာဖြစ်နိုင်ပါသေးသည်ဟုတိုက်တွန်း ရေးသားရပေသည်။

ရှင်တော်ဘုရားလက်ထက်က ဖြစ်ခဲ့သော ဧကဗီဇ ခေါ် တဘဝနှင့် နိဗ္ဗာန်စံသော သောတာပန်မျိုးကား၊ ယခုမျက်မှောက် လူ့ပြည်၌ မရှိတော့ပေ။ သို့သော်— သကဒါဂါမ်အဖြစ်၊ လူ့ပြည်မှ စုတေ၍ တာဝတိံသာ နတ်ပြည်တွင် နတ်သက် လူ့အရေအတွက် အားဖြင့် နှစ်ပေါင်း သုံးကုဋေ ခြောက်သန်းရှိလျှင်၊ ၎င်းမှစုတေ သေလွန်၍ လူ့ပြည်မှာလူဖြစ်ပြီးမှ ရဟန္တာဖြစ်၍ ပရိ နိဗ္ဗာန်ပြုမည်။ သကဒါဂါမ်ကား၊ ယခုအခါ တာဝတိံ သာ၌ ရှိပေလိမ့်ဦးမည်။ (ဘုရားလက်ထက်က သကဒါ ဂါမ်ဖြစ်၍ယခုနတ်ပြည်၌ရှိမည့်သူကိုဆိုလိုပေသည်)။

ဧကဗီဇသောတာပန်ကား၊ သောတာပန်တည်ပြီး နောက်ဝယ်၊ တဘဝသာ ပဋိသန္ဓေနေ၍ ရဟန္တာ ဖြစ် နိုင်လေသည်။ သကဒါဂါမ်မှာကား၊ သကဒါဂါမ်တည် ပြီးသေလွန်၍ နတ်ဘဝတကြိမ်၊ လူဘဝတကြိမ်၊ ပဋိ သန္ဓေ နှစ်ဘဝနေပြီး ရဟန္တာ ဖြစ်နိုင်လေသည်။

ယခု ဘဝဝယ်၊ သောတာပန်တည်ပြီး၊ လူ့ပြည်တွင် သာဆက်တိုက် ပဋိသန္ဓေနေလျက်၊ ခုနစ်ခုမြောက် ဘဝ ဝယ်၊ ရဟန္တာဖြစ်သည့် သောတာပန်၊ နတ်ဘဝဖြင့် သောတာပန် တည်၍၊ နတ်ပြည်တွင်သာ ဆက်တိုက် ပဋိသန္ဓေနေ၍၊ ခုနစ်ခုမြောက် ဘဝဝယ်၊ ရဟန္တာဖြစ်

သည်၊ သောတာပန် အနာထပိဏ်သူဌေးကြီး၊ ဝိသာခါ ကျောင်းအမကြီးတို့ကဲ့သို့ လူအဖြစ်မှာ သောတာပန် တည်ပြီး၊ နတ်စည်းစိမ်ကိုအားရအောင် တဖန်ခံစား၍ ၄င်းမှတဆင့် ဗြဟ္မာဘဝဝယ် စံစားကာ၊ သကဒါဂါမ် ဖြစ်လျက် ပဌမဈာန်ဘုံ၊ ဒုတိယဈာန်ဘုံ၊ တတိယဈာန် ဘုံတို့တွင် ဘုံစဉ်စံလျက် အနာဂါမ်တည်ပြီး၊ သုဒ္ဓါ ဝါသငါးဘုံတွင် အဝိဟာဘုံ၌ ကမ္ဘာတထောင်၊ အတပ္ပါဘုံ၌ ကမ္ဘာနှစ်ထောင်၊ သုဒဿာဘုံ၌ကမ္ဘာ လေးထောင်၊ သုဒဿီဘုံ၌ ကမ္ဘာရှစ်ထောင်၊ အစဉ် အတိုင်း ခံစားပြီးမှ အကနိဋ္ဌဘုံတွင် ရဟန္တာဖြစ်ခါ၊ ကမ္ဘာကြီးပေါင်း တသောင်း ခြောက်ထောင် အသက် ရှည်စွာနေပြီးမှ ပရိနိဗ္ဗာန် ပြုလတံ့သော၊ သောတာ ပန်မျိုး။

၄င်းပြင်၊ သက္ကပဉှသုတ်တော်ကိုနာရ၍၊ သောတာ ပန်တည်ပြီးမှ သိကြားဘဝမှ လေလွှန်ကာ၊ ထိုသိကြား ပြန်၍ ဖြစ်သော ယခု လက်ရှိ သိကြားမင်း၊ ရုဋ္ဌရထ နတ်သား၊ မဟာရထနတ်သား အနေကဝဏ္ဏနတ်သား၊ နာဂဒတ္တနတ်သားတို့ကဲ့သို့ နတ်ဘဝဖြင့် သောတာပန် တည်ကာ နတ်စည်းစိမ်ကို အားရအောင် ခံစား၍၊ ဈာန်ရအောင်ပြုပြီး၊ ဗြဟ္မာပြည်၌ဖြစ်ခါ၊ သကဒါဂါမ် တည်၍၊ ပဌမဈာန်၊ ဒုတိယဈာန်၊ တတိယဈာန်ဘုံ များတွင် ဘုံစဉ်စံ၍ အနာဂါမ်တည်လျက်၊ သုဒ္ဓါဝါသ တွင် အဝိဟာ၌ ကမ္ဘာတထောင်၊ အတပ္ပါ၌၊ ကမ္ဘာ

နှစ်ထောင်၊ သုခဩသာ၌ ကမ္ဘာလေးထောင်၊ ဒုဩသာ၌ ကမ္ဘာရှစ်ထောင်၊ ဘုံစဉ်စံ၍၊ အာကနိဋ္ဌဘုံ၌ ရဟန္တာဖြစ်ပြီး၊ ကမ္ဘာပေါင်း တသောင်းခြောက်ထောင်စံစား ကာ၊ ပဋိသန္ဓေပြုလတ်သော သောတာပန်မျိုး ဟူ၍ လည်း ရှိသဲဖြစ်လေသည်။ အထက် ဖြဟ္မာ ဘုံရောက် အရိယာများကား၊ အောက်ဘုံသို့ ပြန်၍ ဖြစ်ခြင်း မရှိ ပေ။

သကဒါဂါမိကား၊ လူ ပြည် ဝယ်၊ သကဒါဂါမိ တည်၍၊ လူပြည်မှာပင် ရဟန္တာဖြစ်သူ၊ နတ်ပြည်၌ သကဒါဂါမိတည်၍၊ နတ်ပြည်မှာ ဖြစ်ပြီးမှ ရဟန္တာ ဖြစ်သူ၊ နတ်ပြည်မှာသကဒါဂါမိတည်၍၊ နတ်ပြည်မှာ ရဟန္တာဖြစ်သူ၊ နတ်ပြည်မှာ သကဒါဂါမိတည်၍၊ လူပြည်မှာ ရဟန္တာဖြစ်သူ ဤလေးမျိုးတွင် နောက်ဆုံး မျိုးဖြစ်သော နတ်ပြည်မှာ သကဒါဂါမိတည်၊ လူပြည် မှာ ရဟန္တာဖြစ်မည့် သကဒါဂါမိမျိုး၊ ယနေ့လူပြည် ဝယ် မရှိဟု မဆိုနိုင်ပေ၊ ယနေ့ လူပြည်ဝယ် သောတာ ပန်၊ သကဒါဂါမိ၊ အနာဂါမိ၊ ရဟန္တာ အားလုံးပင် ရှိနိုင်သေးကြောင်း သိရမည် ဖြစ်ပေသည်။ အရိယာ ကား၊ ငါအရိယာဟု မပြောသဖြင့်သာ မသိရခြင်း ဖြစ် ပေသည်။

အချို့ဆရာများ ပြောတတ်ကြသည်မှာ၊ တိပိဋက ပုထုဇဉ်ဖြစ်ရန်ပင်ခဲယဉ်းလှ၏၊ ယခုအခါ တိပိဋကနှင့်၊ ဒွိပိဋကသာများ၏ဟု ပြောတတ်ကြ၏၊ သောတာပန်

စသော အရိယာဖြစ်ရန်ကား ဆိုဘွယ်ရာမရှိ၊ ယခုဘဝဝယ်၊ မဖြစ်နိုင်ဟု ယူဆပြောဆိုတတ်ကြ၏။ ၎င်းဆရာများစကားမှာ လွန်စွာ မှားယွင်း လှပေသည်။ ယခုအခါမျိုးကိုမဆိုထားဘိ၊ ကဿပ ပျက်ခါနီး မှာပင်၊ တိပိဋကတ်တွေ မရေမတွက် နိုင်အောင် ပေါများလှ၏၊ ကဿပပျက်ခါနီးလျှင် အပေါ်ယံလေးဘုံသားများပင်၊ လူ့နတ်စသော တိပိဋကတ်တွေ သမထ၊ ဘာဝနာ အားထုတ်၍ ဗြဟ္မာဘုံများ၌ ဖြစ်ကြရ၏။ အထက်ဗြဟ္မာဘုံများမှလွဲ၍ အောက်ဘုံများဝယ်။ သက်ရှိသတ္တဝါတယောက်မျှ မရှိမှ ကဿပ ပျက်၏၊ ကဿပပျက်လျှင်မည်သူမျှမပေါ် နိယတမိစ္ဆာဒိဋ္ဌိကား ကဿပပျက်လျှင်မပျက်သော ကဿပသို့ပြောင်း၍ အဝီစိငရဲ၌ခံရ၏။ ယခုအခါဝယ် သောတာပန် လောက်ကို မဆိုထားဘိ၊ ရဟန္တာဖြစ်နိုင်၏။ ထို့ကြောင့် ဝိပဿနာ ဘာဝနာကိုကြိုးစား၍အားထုတ်ကြပါဟု တိုက်တွန်း လိုက်ရပေသတည်း။

## ဈာန်ပျံရသေ့

ရောဟိတာသ အမည်ရှိသော ရသေ့ တဦးသည်၊ လောကဏ်အဆုံးသို့ ရောက်ခြင်းငှါ ထန်းပင်ရိပ်တခုကို မြားဖြတ်၍ပြေးသော၊ ယူဇနာတသန်း နှစ်သိန်း သုံးသောင်း လေးရာ ငါးဆယ် အလျားအနံ ကျယ်သော စကြာဝဠာတခုကို တုတ်ချင်းပေါက်အောင်ပြေးသွား

နိုင်သော ဒသိဉာဏ်တံခိုးဖြင့် ဣရိယပုဒ်လေးပါးမျှတ ရုံကာလ အချိန်ထား၍ မရပ်မနားကောင်းကင်ခရီးဖြင့် အနှစ်တရာ ကာလပတ်လုံး ပြေး သွား လေသော်၊ စကြာဝဠာကား မဆုံးဘဲ၊ မိမိအသက်တမ်းသာကုန်၍ သေဆုံးလျှင်ဗြဟ္မာပြည်၌ ဖြစ်လေ၏၊ ထိုဗြဟ္မာကြီး သည် ဘုရားပွင့်တော်မူသောအခါ ဘုရားရှင်ထံလာ၍ မြတ်စွာဘုရား လောက၏အဆုံးသို့ ခြေဖြင့်ပြေးသွား၍ ရောက်နိုင်ပါသလား....ဘုရားဟုလျှောက်၏၊

လောဟိတနတ် သားလျှောက်ထားချက်အရ ဘုရား ရှင် ဖြေဆိုတော်မူခြင်း အတိုချုပ် အဓိပ္ပာယ်မှာ၊ အိုနတ် သား၊ လောက၏ အဆုံးသို့ ခြေဖြင့် သွား၍မရောက်၊ လောကကို၎င်း၊ လောက၏ဖြစ်ကြောင်းကို၎င်း၊ လော က၏ချုပ်ဆုံးရာနိဗ္ဗာန်ကို၎င်း၊ လောက၏ ဆုံးရာနိဗ္ဗာန် သို့ရောက်အောင်သွားပုံကို၎င်း၊ ဟောကြားတော်မူလို သဖြင့် လောဟိတနတ်သား၊ လောက၏ အဆုံးဆိုတာ ဖြစ်ပျက်တာ ရပ်တာကိုဆိုတယ်၊ နိဗ္ဗာန်ဟာ ဘယ်နား မှာလဲဆိုရင် ခုနှစ်ခုအဆုံးမှာ ရှိတယ်၊ နာမ်ရုပ်အဆုံး ဖြစ်ပျက်အဆုံး၊ သံသရာအဆုံး ဝဋ်အဆုံး ဒုက္ခအဆုံး သင်္ခါရအဆုံး၊ ၎င်း ၇-ခုဟာဘယ်ထဲမှာရှိသလဲ၊ ကိုယ် ထဲမှာရှိတယ်၊ ရှာတတ်လျှင် အဆုံးမှာတွေ့မည်၊ ကိုယ် ထဲမှာ နိဗ္ဗာန်ရှိသည်ဟု ဟောတော်မူ၏၊

ဒါကြောင့် တရားရှာကိုယ်မှာတွေ့လို့ ဆိုကြသည်၊

လောကချုပ်ငြိမ်းတဲ့ ဒုက္ခကိုမမြင်လျှင် နိဗ္ဗာန်ကို ဘယ်နည်းနှင့်မှမရောက်၊ နိဗ္ဗာန်ဘယ်မှာမှမရှာနှင့်၊ ကိုယ်ထဲမှာရှိတယ်လို့ မိန့်တော်မူတယ်၊ ကိုယ်ထဲမှာသစ္စာလေးပါးရှိတယ်လို့ ညွှန်ပြတယ်၊ ဒုက္ခအမှန်လဲ ကိုယ်ထဲမှာရှိတယ်၊ ဒုက္ခဖြစ်ကြောင်းလဲ ကိုယ်ထဲမှာ ရှိတယ်။ ဒုက္ခတွေ ချုပ်ဆုံးတဲ့ နိဗ္ဗာန်လဲ ကိုယ်ထဲမှာရှိတယ်၊ ဒုက္ခငြိမ်းရာ နိဗ္ဗာန်သို့ ရောက်ကြောင်း အကျင့်ကောင်းလဲ ကိုယ်ထဲမှာ ရှိတယ်၊ တခြားမရှာနှင့်လို့ ဘုရားရှင်က မိန့်တော်မူတယ်။

## ပုထုဇဉ်ကိုရင်လေး

ပုထုဇဉ်အဖြစ်ဆိုတာ ဘယ်အခါမှ စိတ်မချရဘူး ဘေးရှင်လဲဘဝကူးကောင်းတို့ စိတ်မချရဘူး။ ပုထုဇဉ်အဖြစ် စိတ်မချရတဲ့အကြောင်းကလေးကတော့......

ရှေးအခါက၊ သာသနာတော် နေ့စက်ဝန်းသို့ ထွန်းလင်း တောက်ပတော်မူရာဖြစ်တဲ့ လက်ာဒီပခေါ်တဲ့ သီဟိုဠ်ကျွန်းကြီးမှာရဟန္တာကြီးတပါး ရှိတော်မူတယ် အဲဒီရဟန္တာ အရှင်မြတ်ကြီးဟာ၊ တနေ့တော့ မြတ်စွာဘုရား၏ ဓါတ်တော်များ ကိန်းအောင်း စံပါယ်တော်မူရာ မဟာစေတီတော်ကြီးကို ဝတ်တွား ကြည်ညို ပူဇော်လိုတဲ့ အတွက် ရှာနံရ ကိုရင်ကလေး တပါးကို နောက်တော်ပါးကခေါ် ပြီး၊ တောလက် ကျေးရွာစဉ် တလျှောက်ကြွချီတော်မူခဲ့လေသည်။ သို့ကလိုလာခဲ့ကြရာ စေတီတော်ကြီးနှင့်မလှမ်းမကမ်းမဟာဝိန်ကျောင်း

တော်ကြီးကိုရောက်ကြတော့၊ သင်္ကန်းပရိက္ခရာအသာ သိမ်းဆည်းပြီး အမောအပန်း ဖြေကြတယ်။ မိုးချုပ်နေ့ဝင် လူစဲချိန်ရောက်တော့မှ နောက်ပေါ ကိုရင်ကလေး အသာထားခဲ့ပြီး၊ ရဟန္တာကြီးတပါးထဲတိတ်တဆိတ် မဟာစေတီတော်ကြီးရှိရာ ထွက်ခွါသွားတော်မူတယ်။

တပါးထဲကျန်ရစ်တဲ့ ကိုရင်ကလေးကလဲ ငါ့ဆရာ မထေရ်ကြီးဘယ်ကြွပါလိမ့်မလဲလို့ သိရအောင် ခြေရာခံပြီး လိုက်သွားတယ်။ ရဟန္တာ မထေရ်ကြီးလဲ ကပည့်ကိုရင်ကလေး လိုက်လာတာကိုမသိရှာဘဲ စေတီတော်ကြီးကိုသာ တစိမ့်စိမ့်ကြည့်ညိုရှာ ဖူးမျှော်ရင်း၊ ဘုရားဂုဏ်တော်တွေပွားများကာ၊ အလွန်တရာမှ ကြည်လင်ရွှင်ပြသောစိတ်ဖြင့် အားရပါးရ ရှိခိုးနေတယ်။

အဲဒီလိုမထေရ်ကြီးက စေတီတော်ကြီးကို ဖူးမျှော်လျက်ကြည်ညိုနေတုံးမှာ ကိုရင်ကလေးကလဲ သူလိုက်လာတာကို သိစေချင်တဲ့စိတ်နှင့် အဟမ်း-အဟမ်းဟန့်ပြီး ချောင်းသံပေးလိုက်တယ်။

ဒီတော့၊ ရဟန္တာကြီးက လှည့်ကြည့်ပြီး ငါ့တပည့်ဘယ်ပုံဘယ်နည်း ရောက်လာ သလဲလို့ မေး တော့ ကိုရင်ကလေးကလဲ လိုက်ရှာပုံတွေကို လျှောက်ထားတယ်၊ ပြီးတော့မှကိုရင်ကလေးကဆက်၍အရှင်ဘုရား စေတီတော်ကြီးကို ဖူးမျှော်လို့နေတာက ဟုတ်ပါရဲ့၊ ဒါပေမဲ့-ပူဇော်လှူဒါန်းစရာ လက်ထဲမှာ ဘာတခုမှ မပါဘူး၊ ယခုအခါလှူဒါန်းစရာပန်းများရပါလျှင်မပူ

ဖော်ချင်ဘူးလားဘုရားလို့ လျှောက်ထားတယ်၊ ထိုအခါ မအေရှိကြီးက ဘယ့်နှယ် ပြောပါလိမ့် ကိုရင်ကလေးရယ် အုံ့ဘွယ်အထွေထွေ ဇမ္ဗူမြေမှာ ဤမဟာစေတီကြီးကဲ့သို့ ထူးကဲသာလွန် ကြည်ညိုဘွယ်ကောင်းတဲ့စေတီတော်မြတ် အဘယ်မှာရှိပေးသနည်း ဤစေတီမြတ်ကြီးမှာ မြတ်စွာဘုရား၏ ဓာတ်တော် မွေတော်စစ်များ အများသုံး ဌာပနာထားတော်မူရာလဲ ဖြစ်ပေတယ်၊

သို့ကလို ကြွက်သရေအသွယ်သွယ်တို့ဖြင့် တင့်တယ်သော အသဒိသ စေတီတော် ကြီးများကို လှူဒါန်းစရာ ပန်းများရလျှင် အလွန်ပင် ကောင်းလှပေသည်လို့ မအေရှိကြီးက ကိုရင်ကလေးအား ပြောကြားလိုက်တယ်၊ ထိုအခါ ကိုရင်ကလေးက ဒါဖြင့် ခဏလောက်ဆိုင်းတော်မူပါဘုရားလို့လျှောက်ထားပြီး ဟိမဝန္တာတောဘက်သို့ ပန်းခူးထွက်တော်မူတယ်၊

## ရစနာဂါထာ

ဂန္တွာပုပ္ဖါနိဂဏှေတွာ၊ ဟိမဝန္တံ့ ရျာနိဋ္ဌိယာ၊
ပရိသဝနံပူရေတွာန၊ တဒါသော ခိပ္ပမာဂတော၊
တဒါ၊ ထိုအခါ၌၊ သော၊ သာမဏေရော၊ ထိုလောကီဈာန်ရှင် ကိုရင်ကလေးသည်၊ ဈာနိဋ္ဌိယာ၊ ပေါင်ခရိုးလောဟုန်စီးလျက်၊အံ့ချီးမကုန် ဈာန်

ဂုဏ်လွှမ်းမိုး၍ ဘုန်းတံခိုးဖြင့်၊ ဟိမဝန္တာ၊ စိမ့်ကြီးမြိုင်ကြီး၊ ဂနိုင်ကြီးရို့ ခိုင်ပြီးဝေဆာ မာလာစုံပါ ဟိမဝန္တာတောသို့၊ ဂန္တွာ၊ မကြာခဏ အသာကြွလျက်။ ပုပ္ဖါနို၊ ရောင်စုံဝင်းဖန့် သင်းရနံ့ဖြင့် ကြိုင်ပြန့်မွှေးထုံ ပန်းမျိုးစုံတို့ကို၊ ဂဟေတွာ၊ ဂနိုင်တခွင် ဗျာန်ယာဉ်ကွန့်မြူး ရှာဖွေရူးလျက်။ ပရိသာဝန်၊ ရေစစ်ဘိုရာ ယူဆောင်လာသည့် ပဝါဖြူကလေးကို၊ ပွရေတွာ၊ ပန်းတွေ အခပြည့်ထုပ်ခါထည့်၍၊ ဝိပ္ပ၊ အလျှင်အမြန် မကြာခင်ပင်၊ အာဂတော၊ ဆရာ့ထံမှောက် ရှေ့တော်အောက်သို့ ပြန်ရောက်ခဲ့လေသည်။

ပန်းတွေတထုပ်ကြီးနဲ့ ပြန်လာပြီး၊ မထေရ်ကြီးအား ဆက်ကပ်လိုက်တယ်၊ ဟိမဝန္တာ တောကို ချက်ချင်းသွား ချက်ချင်းပြန်လာနိုင်တယ်ဆိုဒါ သာမည်ပုဂ္ဂိုလ်မဟုတ်ဘူး။ အံ့ဩစရာကြီးပေါ့၊ ရဟန္တာ အရှင်မြတ်ကြီးက ပန်းတွေကိုယူပြီး၊ အထက် တတိယ ပစ္စယံမှာ ပန်းမွေ့ရာခင်းပြီး ပူဇော်တယ်၊ တတိယာပစ္စယံ ပြည့်ပြန်တော့ ဒုတိယာပစ္စယံကိုဆင်ပြီး ပန်းမွေ့ရာ ခင်းပြန်တယ်။ နောက် ပထမပစ္စယံမှာ ပန်းမွေ့ရာ၊ ထုတ်လာတဲ့ပန်းတွေဟာ မကုန်နိုင်သေးဘူးတဲ့၊

သည့်တော့မထေရ်ကြီးက၊ ငါ့တပည့်သာမဏေရဲ့ မင်းခူးလာတဲ့ပန်းတွေဟာ မကုန်နိုင် ပါကလားလို့ မိန့်တော်မူတယ်။

ကိုရင်ကလေးက ပဝါဖြူကို ခါချတော်မူပါဘုရား

လို့ လျှောက်ထားတော့မှ မထေရ်ကြီးက ပုဝါအစကို ကိုင်ပြီး ခါချလိုက်တယ်၊ အဲဒီတော့မှ ပန်းတွေလဲ အကုန် ကုန်တော့တယ်။ တန်ခိုးနဲ့ ရူးလာတဲ့ ပန်းမို့ မကုန် နိုင်တာပေါ့။

ကိုရင်ကလေးရဲ့ လောကီဈာန်တန်ခိုးတွေကို တွေ့ မြင်ရတော့ မထေရ်ကြီးက အကြံတခု ဖြစ်လာတယ်။ ငါ့တပည့်သာမဏေကလေးဟာ တန်ခိုး ကြီးလှပါပေ တယ်။ သူ့ရဲ့ တန်ခိုးကို တာရှည်စောင့်နိုင်ပါ့မလားလို့ ဆင်ခြင်တော့ ကိုရင်ကလေး ပျက်စီးမဲ့ အဖြစ်ကို မြင် တယ်။ သည်တော့ မထေရ်ကြီးက ဆုံးမစကားပြော ရှာတယ်။

ငါ့တပည့် ငါ့တပည့်ဟာ ခုနေအခါမှာ ဘယ်လိုပင် တန်ခိုးဣဒ္ဓိပါဒ်တွေနဲ့ ပြည့်စုံပေမဲ့ နောက်ကာလဝယ်၊ ယခုရရှိထားတဲ့ ဈာန်တန်ခိုးတွေ လျှောကျ ပျက်ယွင်းပြီး တဏှာတွင်းထဲ စောက်ထိုးကျပြီး၊ ယက်ကန်းသယ် ကဏ်းမလက်နှင့် နယ်ထားတဲ့ ပုန်းရေ ချဉ် ကို စား သောက်ရလိမ့်ဦးမယ်လို့ ပြောရင်း ဆုံးမရှာတယ်။

ဤသို့ တင်ကြိုမိန့်ကြားပြီးမှ မထေရ်ကြီးဟာ မဟာ စေတီတော်ကြီးနဲ့ ဗောဓိပင်ကို အကြိမ်ကြိမ်ရှိခိုးပူဇော် ပြီး၊ သာမဏေငယ်ကို သပိတ် သင်္ကန်း ထမ်းဆောင်စေ ကာ ကျောင်းသို့ ပြန်ကြွတော်မူတယ်။

ကိုရင်ကလေးဟာ၊ ဆရာ ရဟန္တာကြီးနှင့် အတူ မလိုက်ဘဲ ဈာန်တန်ခိုးနဲ့ ကောင်းကင်ကပျံပြီးလိုက်ခဲ့

တယ်။ သည့်တော့ ဆရာ မထေရ်ကြီးက၊ ငါ့ပြောပြည့် ပုထုဇဉ်တို့၏ ဈာန်တခိုးဟာ တာရှည် မတည်ဘူးကွဲ့၊ သည့်လိုမလုပ်နှင့်ဟုဆုံးမသော်လည်းမကြားချင်ပြုပြီး နေတယ်။ ဒါနဲ့ ကျောင်းသို့ပြန်ရောက်ပြီး၊ နံနက်အခါ မှာ ဆွမ်းခံကြွကြသော်လည်းကိုရင်ကလေးတကောင်း ကင်ခရီးကနေပြီးလိုက်ပြန်တယ်။

ဒီလိုနဲ့ ကောင်းကင်က ဈာန်ပျံ လာလိုက်တာ ပဒုမ္မာ ကြာအိုင်တခုပေါ် ရောက်လာတော့၊ မိန်းမပျို ကလေးတယောက်က ပဒုမ္မာကြာပန်းခူးရင်း သီချင်း ကလေးဆိုနေတာ ကြားလျှင်ဘဲ၊ သာယာတပ်မက်တဲ့ တဏှာရာဂစိတ်တွေ ဖြစ်ပေါ်လာပြီး၊ ကိုရင်ကလေး ဟာ တခါထဲ ဈာန်လျှောကျရှာတယ်။

## ရစနာဂါထာ

ဒိဇောဝိယ အာကာသေတော၊
ဍုဍ္ဍိယာ သောပရာဇယံ။
ဆိန္နပက္ခော ပတိတွာန၊
တိရေအစ္ဆာသိ တာဝဒေ။

သောသာသမဏောရော၊ ဈာန်ယာဉ်ကိုစီး၊ ယက်ခရီးမှ ကြွပြီးလာပေ၊ ထိုသာမဏေကလေးသည်၊ တာဝဒေ၊ ချော့လှယာဉ်ကျေး ပျိုကလေး၏ချိုတေးသံတွင်နားဝင် ရူးစိုက် တဏှာခိုက်၍ ကြိုက်မရှက်သော ထိုအခါ၌၊ ဆိန္န

ပကြွေ၊ အတောင်နှစ်ဘက်ဖြတ်လျက်၊ ပျက်စီးရှာသော ဒိဗ္ဗောဝိယ၊ မပျံနိုင်ရှာ မြေမှာလူးလျက်၊ ယက်ကန်ယက်ကန်ပက်လက်လန်၍နေသော ငှက်ပမာကဲ့သို့။ ဍုဂ္ဂယာ လောကီဈာန်ယာဉ် အတိဥာဉ်တန်ခိုး မြေလျှိုးမိုးပျံ အမျိုးမျိုး ဖန်ဆင်းနိုင်တဲ့ အဘိုးတန် ဍုဂ္ဂိပါဒ်ကြီးမှ ပရာဇယံ ပရာဇသနွှာ၊ တကျွာခေတ်ခိုက် အမိုက်ကွယ်ဖုံး အဆုံးကြီးခုံး အရှုံးကြီးရှုံးလျက်၊ အာကာသတော၊ ဝေဟင်အာကာ အဇမ္ဗူတခွင် ကောင်းကင်ပြင်မှ၊ ပတိတွာန၊ ဈာန်ယာဉ်ကွယ်ပ လျှောကာကျလျက်။ တိရေ၊ ဖူးပွင့်ရုံစွာ ထုံနံ့သာဖြင့် ငုံကြွာအခိုင် ပဒုမ္မာအိုင်၏ မွှေးကြိုင်လွှမ်းထ ကမ်းအစဉ်၊ အဋ္ဌာသိ၊ အပူပိုပို ဖြိုအပျိုကြောင့် အပူကိုပွား အဓေးသားဖြင့်အဆွေးပွားကာရပ်တည်၍ နေရရှာလေသတည်း။

မိန်းမပျိုကလေး၏ချိုတေးသံသဲ့အသံလှိုင်းကြောင့် ဈာန်ကသိုဏ်း ပျက်ကျရတယ်။ တကျွာသံ ဃရာသံတွေပါတဲ့ သဒ္ဒရုပ် အာသံလှိုင်းဟာ ပုထုဇဉ် တွေရဲ့ ဈာန်ကသိုဏ်းကို တခဏချင်း လျှောကျစေနိုင်တယ်။

ဒါကြောင့်၊ ဘုရားရှင်က၊ ယောကျ်ားဆိုတဲ့ အမိသတ္တဝါတွေရဲ့စိတ်ကို အဆွဲဆောင်နိုင်ဆုံး အာသံမှာ မိန်းမများရဲ့ အသံဘာ ရှိတော့တယ်လို့ ဟောတော်မူတယ်။

ပုထုဇဉ်တွေရဲ့ လောကီ ဈာန်ဟာ ဘယ်လောက်တန်ခိုးကြီးကြီး၊ ပေမကကျွာနဲ့ စပ်လျဉ်း၍လာ တော့

မိနစ်ပိုင်းအတွင်း ပျက်စီးရတယ်၊ သူငယ်မလေး ကြာအိုင်ထဲက တက်လာတယ် ဆိုရင်ဘဲ ကိုရင်ကလေးက စကားစပြီး ပြောလိုက်တယ်၊

နှမရယ်-မင်းရဲ့ သီချင်းသံ သာဒ္ဒါရုံ ကလေးကို နှစ်သက်မိတဲ့အတွက် ငါမှာ-ကောင်းကင်က နေပြီး၊ ချာန်လျှောလို့ ကျခဲ့ရပါပြီ မင်းကလေးဟာ အပျိုယား အအိုလားဆိုတာ သိပါရစေလို့ ပြောလိုက်တယ်၊

အဲဒီတော့၊ အပျိုကလေးက အပျိုဖြစ်တဲ့ အကြောင်း ပြောပြပြီး၊ ကိုရင်ကလေး လူမထွက်ချင်အောင် အိမ်မှုကိစ္စတွေ ဒုက္ခများကြောင်း အပြစ်ပြပြီး ပြောတယ်၊ ဒါပေမဲ့ ကိုရင်ကလေးကတော့ အိမ်မှုကိစ္စသော၊ဒုက္ခသော နားမလည်၊ သုံးခွန်းသော စကားတို့သာ အတင်းပြောနေတယ်၊

မိန်းကလေးကလဲ တဖက်ကတွေးပြီး စဉ်းစားပြန်တယ်၊ ဒီကိုရင်ကလေးဟာ ငါ့အတွက် ချာန်လျှောပြီး ကျရရှာတယ်၊ ငါသူ့အချစ်ကို လက်မခံဘဲ၊ စွန့်ပြစ်ဖို့တော့ မတော်ဘူးလို့ စဉ်းစားမိပြန်တယ်။

အဲဒီလို စဉ်းစားမိတဲ့အတိုင်း မိန်းကလေးက သူ့မိဘထံသွားပြီး၊ အကြောင်းစုံ ပြောပြ ပြန်ရှာတယ်၊ သည်တော့မှ သူ့မိဘတွေက လာပြီး၊ ကိုရင်ကလေးကို ဆုံးမစကားပြောရှာတယ်။

ကိုရင်ကလေးရယ် စဉ်းစားပါနော် လူ့ဘ၀ဆိုတာ ဒါ

အပေါ်ယံကြည့်တော့သာ ပျော်ရွှင်စရာကောင်းတယ်လို့ထင်ရပေမဲ့၊ တကယ်တန်းဆိုတော့ အလွန်တရာမှ ပိတ်ညစ်စရာ ဆင်းရဲလှပါတယ်။ အလွန် ဒုက္ခများလှတဲ့ လူ့ဘောင်ကြီးကို ကျောင်းတော်ကနေကြည့်ပြီး ရွှေဘောင်ကြီးလို့ မထင်လိုက်ပါနှင့်၊ တပည့်တော်တို့မှာတော့ ကိုရင်ကလေးတို့လိုမြင့်မြတ်သော အဆင့်ကို၊ တက်လို ပါသော်လည်း၊ သံသယာဖြင့် ဝန်ထုပ်ပွေကြောင့် မတက်နိုင်ပါ။

ကိုရင်လေးတို့မှာ၊ မြင့်မြတ်ချမ်းသာလှတဲ့ ဘဝကနေပြီး၊ ဆင်းရဲလှတဲ့ လူ့ဘဝထဲကို ခုံမဆင်းချင်ပါနဲ့ သာသနာတော်မှာ အေးချမ်းသလောက်၊ လူ့ဘောင်မှာ ဆင်းရဲလွန်းလှပါတယ်၊ သတိထားတော်မူပါလို့ မိန်းကလေးရဲ့ မိဘနှစ်ပါးကလျှောက်ကြားပြန်တယ်၊

မိန်းကလေးရဲ့ မိဘတွေက၊ ဘယ်လိုပင် တရားချ ဆုံးမစကား ပြောပေမဲ့ ကိုရင် ကလေး ကတော့ တကြားပမဆိုတဲ့အချစ်မှာ မျက်စိမရှိဆိုသလို၊ ဆင်းရဲတာတွေ ဘာတွေ နားမလည်နိုင်ဘူး။ ငြင်း ဆန်လို့သာ နေတယ်၊ ဒီတော့ မိန်းကလေးရဲ့ မိဘတွေက ကိုရင်လေးတပည့်တော်တို့ကို ပစ္စည်းရှင်တွေလို့များ ထင်နေပါသလား၊ ယက်ကန်းယက်နိုင်မှ စားသောက်ရတဲ့ ဆင်းရဲသူများ ဖြစ်ပါတယ်။ ကိုရင်ကလေး ယက်ကန်းယက် နိုင်ပါ့မလားလို့ မေးလိုက်တော့၊ ကိုရင်ကလေးကဝမ်းသာအားရနှင့်။

လူဖြစ်လာတဲ့ တနေ့တော့ လူ့ကိစ္စတွေကို လုပ်ရမှာပေါ့၊ အခုဝတ်ထားတဲ့ အဝတ်တထည်လောက် ပေးပါတော့လို့ အတင်းတောင်းတော့တယ်။ ပေမတလျှာဆိုတဲ့ အမို-အမကြိုက်မေတ္တာဆိုတာကလဲ အကြီးဆုံး၊ အခွဲလမ်းဆုံး တရားကြီး ဖြစ်ဘယ်၊ သည်လိုပေမတလျှာ မေတ္တာအတွက် အသက် အသေခံသွားတဲ့ လူတွေလဲအနန္တပေါ့၊ သည်တော့ ကိုရှင်ကလေးကို အပြစ်မတင်သင့်ဘူးပေါ့၊

အလောင်းတော်ကုသမင်းသေဘ်မှ ပပဝတီဆိုတဲ့ အပျိုစဉ်အတွက် စမိုအဝင်အထွက်မှာတမျိုး၊ ၅ံ့ဘွက်မှာတဖုံ၊ ဒုက္ခတွေပုံအောင်ခံခဲ့ရသေးတယ်။ အဲဒီလိုနဲ့ ကိုရင်ကသေးက အတင်းဘဲ၊ နှားပူနှားဆာ လုပ်ခါပုဆိုးတောင်းလေတော့၊ ပါလာတဲ့ ပုဆိုး အမိုတထည်ကို ပေးပြီး၊ လူဝတ်လဲစေတော့တယ်။ လူဝတ်လဲပြီး၊ အိမ်ခေါ်သွား၍ အိမ်ရောက်တော့မှလူကြီးစုံရာနှင့် ထိမ်းမြားမင်္ဂလာပွဲကို အကျယ်မချဲ့ဘဲ၊ အလွယ်နှင့် လုပ်လိုက်ကြတယ်၊

နောက်မကြာမှီဘဲ၊ ယက်ကန်း အတတ်ကို တတ်အောင်သင်ပြီး၊ သူများ တွေလိုဘဲ ယက်ကန်းရုံရှိရာ အလုပ်ဆင်းရရှာတယ်။ ဒီလိုနဲ့ ကိုရင်လူထွက်ကလေးဟာ ယက်ကန်းရုံမှာ နေ့ထွက်ကနေ့ဝင် အလုပ်ဆင်းရတယ်။ တနေ့တော့၊ ထမင်းကဆာ၊ ဝမ်းကဟာပြီး နေတုံး၊ နေကလဲပြင်း ဇနီးချောအလှယမင်းက ထမင်းချိုင့်

လက်မှာဆွဲပြီး၊ မခို့တယ်လို့ အမြဲ့နေတဲ့ အချိန်ထက် လွန်ပြီး နောက်ကျလို့ ရောက်လာ၊ ထမင်းဆာဆာ ဒေါသကလေးက ဖြစ်လာတော့၊ ကိုရင် လူထွက်က သံလျက်နှင့် တချီးတဖုံထပြီး၊ ဒေါသပုန်ကြွခါ သူ့ပွက် လိုက်ပြန်တယ်။

## ရစနာဂါထာ

ပါဒေသာဝ ဘောတိ အညောသံ၊
ဘတ္တံ ဟရိံသု ရတ္တိယော၊
သောထုဝံ အတိမိရေနဲ
ရုတိတမ္ဗေသိ အာဂတော၊

ဘောတိ၊ အပျင်းထူလှ အို-ရှင်မ။ အညောသံ ါလို ကာသုတ်ကာသက်ရယ်နှင့် အလုပ် တက်လာကြတဲ့ အလုပ်လုပ်ဘက် သဟာယတို့၏။ ရတ္တိယော၊ အိမ်ဦး နတ်သွင် ကိုယ့်ချစ်လင်ကို အစဉ်ချစ်ပြီး၊ ချစ်ဇနီးတို့ သည်။ ပါတော၀၊ အလုပ်ကိုသွား ချစ်လင်များအတွက် အားတက်သရော နံနက်စောစောကပင်လျှင်။ ဘတ္တံ၊ ဟင်းရံတွေ ငပိရေတဖြာ တို့စရာတလှည့် အစုံထည့် လျက် လင်၏တွက်တာ စားသောက်စရာထမင်းဟင်း ကို၊ ဟရိံသု ဗျာကရာလျှင် အသော့သာပငါချစ်လင် စားစေတော့ရယ်လို့ ကျော့ကျော့ကလေး လာပို့ကြ ကုန်၏။ ထုဝံ၊ အပျင်းထူလှသင် ရှင်မမှုကား၊ အတိမိ ရေနဲ၊ ဘယ်ရီးစားနှင့် ချိန်းထားလို့သာ ဘယ်မှာလေ

လွှင့် အချိန်တွေအလွန်ဖင့်လျက်။ အာဂဝေ၊ တကယ်ဗျာ သည့်နေ့ဖြင့် ဆာလှပေါ့ မလွဲသာသမို့ အသဲနာနာနှင့်ပို့လာ၏၊ ဇွတ်၊ မျက်နှာထိမျက်နှာထားနှင့်တဖက်သားနှမဒိကို ရှုတည်တည် အပလိမလိုင်းဘဲ၊ သည်အတိုင်းပင်လျှင်။ သော၊ ထိုဘုရင်လူထွက်သည်၊ တခွေသိ၊ ဖြူးတူးပြာကလာ ခေါ်ပေါပြင့် မည်ကာ ဝေါက်ငန်း လက်သီး လက်မောင်းတွေ တန်းလျက်၊ တခမ်းတနားကြီး ချိန်းချောက်ပြောလေတော့သတည်း။

ယော့.....ရှင်မ။ သူမျှား သားမယား တွေကတော့ ကိုယ့်လင် အလုပ်ပင်ပန်းလို့ ဆာလှရော့မယ်ဆိုပြီး၊ စောစောအချိန်မှီ လာပို့ကြတယ်၊ မင်းကတော့ ဘယ်မှာ အလေလိုက်နေလို့ ကိုယ့်လင်အတွက် ထမင်းပို့နောက်ကျ ရသလဲလို့ မျက်နှာထားနှင့် ဆူပြစ်လိုက်တယ်။

ဒီတော့၊ ကောင်မလေးက၊ အမယ် ကိုရင်သူထွက်ရဲ့ ရှင်သာမျှ ဆူဘို့မလိုဘူး၊ သူမျှား သားမယားတွေမှာတော့ ပစ္စည်းဥစ္စာ အဆောင်သင့်ရှိလို့ အချိန်နှင့်ချက်ပြုတ်နိုင်ကြတယ်။

ကျုပ်တို့မှာအော် ဆန်ရှာရ၊ ထင်းခွေရ၊ ရေခပ်ရနှင့် အစစအရာရာ မပြည့်စုံသည့်အတွက် နေ့မြင့်မှဘဲ လာပို့ရတယ်တော့၊ ရှင်အစကတည်းက ကျုပ်တို့ မပြောဘူးလား၊ အေးအေး စားသောက်နေချင်လျှင်၊ လူမထွက်ပါနှင့်လို့ အိမ်မှာဘာရှိတယ်။ ဘာမရှိဘူးဆိုတာ၊ ရှင်

နားမလည်ဘူးလား၊ ဆုတ်ရှိသာ သိတယ်ဟု ပြန်ပြော
လိုက်တယ်။

## ရတနဂါထာ

ပသုတာနိ လောကာဒီနိ၊
သန္တိ ဝေဠံပိ ကာရကာ၊
ဇော်ကာယံ တုစံကိစ္စံ၊
နုဇာနာတိ မယှံ ယာရေ၊

သာမိ။ ယာရာဝါသ အိမ်ကိစ္စကို ဘာမှမမြင် အိုး....
အရှင်၊ တေသံ၊ လုပ်ဖော်လုပ်သား သူတပါးတို့အား၊
လောကာဒီနိ ထမင်းဟင်းချက်ရန် ဆား၊ဆန်၊ငပိ၊ လို
လေသေးမရှိအောင်။ ပသုတာနိ၊ ချိန်ခါမလင့်အသင့်ရှာ
ထားပြီးရှိကြပါကုန်၏၊ ကာရကာပိ ချက်ဖော်ပြုတ်ဖော်
ကူဘော်လောင်ဘက်များသည်လည်း။ သန္တိ၊ တဖယော်
တလက် ကူကာစွက်၍ လုပ်ကိုင်လျက် ရှိကြပါကုန်၏။
အဟံ၊ ဆင်းရဲပေစွ ကျွန်တော်မမှာတော့။ ဇော်ကာ၊ ကူ
ဘော်မရှိဘဲ၊ တယောက်ထဲသာလျှင်တည်း။ တုစံ၊ လုကိစ္စ
တွင်မမြင်တိမ်နက်သင်လျှတွက်သည်၊ မယှံ အိမ်အလုပ်
ကြောင့်စိတ်ရှုပ်ပါရ ကျွန်တော်မ၏၊ ယာရေ၊ သက်ကယ်
အမိုး ကြူရိုးတိုင်ထူ ကြူဖျာကိုခင်း အိမ်အတွင်း၌။
ကိစ္စံ၊ ဘာမရှိတယ်၊ဘာရှိတယ်လို့ ဝှက်ကွယ်မပြုတစုံ
တခုသောဂုဏ်ကိုမျှ။ နုဇာနာတိ၊ လူရေးလူရာ ဘယ်ဟာ
ဘယ်မှန်း အကကျင်းသို့ပင် မသိမမြင် ရှိပေ၏တကား။

အဲဒီလို - ကောင်မလေးက ခပ်နာနာကလေး ပြန် ထုလိုက်တော့၊ ကိုရင်လူထွက်က၊ ဪ - နေမြင့်မှလဲ ထမင်းကို လာပို့သေးရဲ့၊ ငယ်ကျိုး ငယ်နာ တွေပါ ငါ့ကို ထိပါး ပုတ်ခပ်ပြောဆိုသေးရဲ့ - ဟု ဒေါသ ထွက်ပြီး၊ ကဲ - မိုက်လှတဲ့ မိန်းမ သေ ရော့လဟယ် ဆိုကာ၊ လက်ထဲမှာရှိတဲ့ ယောက်လုံးတန်နဲ့ ပေါက် လိုက်တယ်။

ကံဆိုးချင်တော့ ကောင်မလေး မျက်စိကို တည့် တည့်ကြီးမှန်ပြီး၊ တခါထဲမျက်စိပေါက်လို့ ကန်းသွား ပါရော၊ အဲဒီအခါမှ၊ ကိုရင်လူထွက်က ရှိုက်ကြီး ငင် ကြီးငိုပါလေရော သည်တော့အနားရှိယက်ကန်းသမား တွေက၊ ကိုင်း-ဖြစ်ပြီးတဲ့အမှု ပြုပြင်လို့ ရမှာမဟုတ် ဘူး၊ ငိုမနေနဲ့တော့၊ ကိုရင်လူထွက်ရယ်လို့ ဝိုင်းပြော ကြတယ်။

ကိုရင်လူထွက်က၊ ကျုပ် ငိုတာဟာ၊ သူ့အတွက် မဟုတ်ပါဘူး၊ ကျုပ်ဆရာက အမိန့်ရှိဘူးတဲ့ စကားကို သတိရလို့ ဝမ်းနည်းပြီး ငိုတာပါလို့ ပြန်ပြောတယ်။

**ရတနာဂါထာ။**

ဣဒမ ဝေါစ သန္တာယ၊
ဥပဿာယော အနာဂတော။
မဒ္ဒိတံကာလာ ဟာဇ္ဇေန၊
ကိစ္စိယံ တွံ ဒိဝိဿတိ။

မေါသ ဉစကား ထောင်နားမနာ၊ တကျော့နောက်
လိုက်အကျွန်ုပ်ငမိုက်၏ ဉပဏ္ဍာယော၊ မိဘသဖွယ်
ဉပဏ္ဍာယ် ဆရာ မထေရ်ကြီးသည်၊ ရှုဒ်ကာရတာ၊
တယောက်တလှည့် ပြောမတည့်၍၊ ခုကဲ့သို့ဖြစ်မည့်
အကြောင်းကို၊ သန္တာယ တင်ကြို မြင်မြော် မှန်းရည်
ရော်လျက်၊ အနာဂတော၊ မကြာခင်ပ နောက်ကာလ၌၊
တွေ့ခုသော်အမှန် ဈာန်ပယာဉ် တံခိုး မြေလျှိုးမိုးပျံ
ဝွမ်းအန် ကြီးသော၊ သင်သာမတောသည်၊ ကာ လာ
ဟာခွေနှ၊ မျက်လုံးကွယ်ပျက် သင့်လက်ချက်ကြောင့်၊
ရုပ်ပျက်လေအင်မျက်မမြင် ယက်ကန်းသည်မကာလေး၏
လက်ဖြင့်၊ မဒ္ဒဝတံ၊ မဖွယ်မရာ တကယ်သာလျှင်နယ်ကာ
ထားအပ်သော၊ ကိစ္စဝယံ၊ လူရေတက်တို့ မြင်ကပ်စရာ
ရသာကင်းစင် ပုံးရေချည်ကို၊ ပဝိသတိ၊ စင်စစ်မုချ
သင်သောက်ရ ပေလိမ့်လတံ့၊ ဣတိ ဝစိမချို့ ဤသို့
ပင်လျှင်၊ အဝေါစ၊ တပည့်အတွက် စချိသည့် အချက်
ကြောင့် သိလျက်နှင့် မိန့်ဘော်မှူခဲ့ပါပေသဘည်း။

အဲဒီလို ကိုရင်လူထွက်က၊ သူ့ဝိုတာ မိန်းမအတွက်
မဟုတ်ပါဘူး၊ ဆရာရဟန္တာမထေရ်မြတ်မိန့်ခဲ့ဘူးသည့်
စကားကို သတိရလို့ ငိုမိတာပါလို့ ပြောရှာတယ်။

တကယ်ဆိုတော့၊ ကိုရင် ကလေးဟာ ဈာန်အဘိ
ညာဉ်နှင့်ပြည့်စုံခဲ့သည့် တကဲ့တိပိဋက် ပုဂ္ဂိုလ်ကြီးပေါ့
ဒါပေမဲ့ အရိယာ မဟုတ်လေတော့၊ ကာမတဏှာ
ကြောင့် ဈာန်အဘိညာဉ်တွေ ပျက်ပြုန်းပြီး၊ ဘပဆုံးခဲ့

ရတယ်၊ ဒါကြောင့် ဘုရားရှင် သာသနာနှင့် ကြုံကြိုက်သည့်အခါ၊ မမေ့မလျော့ကြနှင့်၊ ပုထုဇဉ်ဘဝက လွတ်မြောက်အောင် တရားသဘောအမှန်ကို သိမြင်အောင် ကြိုးစားအားထုတ်ကြပါဟု တိုက်တွန်းလိုက်ရပါသည်၊

ထို့ကြောင့် ဗုဒ္ဓရှင်တော် သာသနာတော်ကြီးနှင့် တွေ့ကြုံဆုံစီးလာတဲ့အခါ၊ ပုထုဇဉ်ဘဝက လွန်မြောက်၍ အရိယာနယ်အတွင်းသို့ရောက်ရန် တရားယူ၊ တရားမြတ်များကို ကြိုးစားအားထုတ်ကြပါဟု ဆိုလိုပါသည်။

## ကိုယ့်သံသရာနှင့်ကိုယ်

သံသရာ လည်သည့်ဆိုဒါ၊ ကိုယ့်သံသရာနှင့်ကိုယ် ဘဝမျိုးစုံ လည်ကြရပါသည်။ သံသရာ အစကားမသိနိုင်ချေ။

ဗုဒ္ဓရှင်တော်မြတ်ဘုရားကလည်း ၊အနမတဂ္ဂသုတ်၌ အနာဒိကောယံ သံသာရော၊ ပုဗ္ဗကောဋိ နပညာယတိ ဟူ၍ ဟောတော်မူ၏။

အယံသံသာရော၊ ဤရုပ်နာမ်ခန္ဓာ အာယတန ဓါတ်တို့၏ အကြောင်း အကျိုးစပ်၍ မပြတ်မလပ် ဆက်ကာဆက်ကာဖြစ်ခြင်းဟုဆိုအပ်သော သံသရာကြီးသည်၊ အနာဒိကော၊ မသိအပ်သော အစရှိ၏။ (ဝါ) သိအပ်သောအစကားမရှိ။ ပုဗ္ဗကောဋိ၊ အစရှည်ဝေးရှေးဖြစ်သောအစွန်းကို၊ နပညာယတိ၊ မသိအပ်ရာ မသိနိုင်ရာ။

သံသရာဟူသည်၊ ပစ္စည်းပစ္စယုပ္ပန် ပြန်လှန်ဖွဲ့စည်း၍ အစဉ်မပြတ် အကြောင်းအကျိုး ဆက်စပ် ယှဉ်တွဲနေ

သော ခန္ဓာအစဉ်၊ အာယတန အစဉ်သည် သံသရာ အယာဉ်ကြီးဖြစ်၍နေသည်ကိုဆိုလိုသည်။ ခန္ဓာအာယတန ဓါတ်မှတပါး သံသရာဟူ၍ မရှိချေ။

သံသရာဟူသည် အနန္တရပစ္စည်း ပစ္စယုပ္ပန်ဖြစ်လျှက် ဖွဲ့စည်းနေမှုကိုပင် ခေါ်ဝေါ်သည်။ အကြင် မျှလောက်သော ခန္ဓာစသော တရားတို့သည်၊ အနန္တရသတ္တိဖြင့် ဆက်ကာဆက်ကာ ကျေးဇူးပြုမှုသည်ရှိသေး၏။ ထိုမျှလောက်သော သတ္တဝါသည်၊ သံသရာဝဋ်မှ မကျွတ်လွတ်ရသေးချေ၊ အကြင်အခါ ခန္ဓာစသော တရားတို့သည် အနန္တရသတ္တိဖြင့် ကျေးဇူးပြုမှု မရှိတော့ချေ၊ ထိုအခါ ထိုသတ္တဝါသည် သံသရာ၏ အဆုံးကို ပြုရသည်မည်တော့၏။

သံသရာသည်၊ ဓမ္မဒိဋ္ဌာန်အားဖြင့်၊ တပါးသာ ဖြစ်သော်လည်း၊ ပုဂ္ဂလဒိဋ္ဌာန်ဖြင့် ဝေဖန်ပါမူ၊ ဦးဖြူ၏ခန္ဓာအစဉ်သည် ဦးဖြူ၏သံသရာ၊ ဦးမဲ၏ ခန္ဓာအစဉ်သည် ဦးမဲ၏ သံသရာဟူ၍ ရကောင်းသောကြောင့်၊ သံသရာသည် တခုမဟုတ်ဟု ဆိုရမည်၊

သဗ္ဗညုသခင် ဘုရားရှင်သည် မိမိ၏သံသရာအစဉ်ကို မိမိကိုယ်တိုင် ရှေးဦးစွာ ဖြတ်တော်မူ၍၊ ဝေနေယျကြာသတ္တဝါတို့အား သံသရာ ဖြတ်ပုံလမ်းအစဉ် နည်းနယကိုပြတော်မူ၍ သံသရာအဆုံးကိုပြုစေတော်မူသည်။

သံသရာဟူသည်၊ အချို့သူတို့ မှတ်ထင်ကြသကဲ့သို့ တခုတည်းသာဖြစ်အံ့၊ ထိုတခုသော သံသရာကို ရှေးဦး

စွာပြတ်ကင်းငြိမ်းစေတော်မူပြီးသော သုံးလူ့ထွဋ်တင် ဘုရားရှင်နှင့်ပင်၊ သံသရာကိစ္စပြီးစီး၍၊ ကျန်သတ္တဝါတို့သည် သံသရာမှ လွတ်မြောက်မှု ထုပ်ငန်းဘခုကိုပြုဘွယ်ကိစ္စ မလိုတော့ပြီ၊ ထိုသို့ မလိုသည့်ထည်းမဟုတ်ချေ၊ ကိုယ်စီကိုယ်ငှ သံသရာမှ လွတ်မြောက်မှုလုပ်ငန်းရာကို အပန်းတကြီးပြုကြရသောကြောင့် သံသရာသည် ကိုယ့်သံသရာနှင့်ကိုယ်ဟူ၍ သိသာလှပေသည်။

## ဘုရားမပွင့်သောကာလ

ဘုရားပွင့်တယ်ဆိုတာသည်း၊ အချိန်အခါကာလကိုကြည့်၍ပွင့်တော်မူတယ်။ တသိန်းတန်းမှ အထက်ဖြစ်သော အသက်တန်းသည်၊ ဘုရားပွင့်တော်မူသော ကာလမဟုတ် တသိန်းတန်းထက် လွန်သော အသက်တန်း၌ဖြစ်ကြကုန်သောသတ္တဝါတို့အား၊ ဇာတိဇရာမရဏတို့သည်မထင်ကုန်၊ ရှည်သော အသက် ရှိကြကုန်သောသတ္တဝါတို့အား၊ ဗုဒ္ဓဘုရားရှင်တို့က အလုံးစုံသောရုပ်နာမ်တရားတို့သည်၊ အနိစ္စ,ဒုက္ခ,အနတ္တ တို့သာ ဖြစ်ကုန်၏ဟု ဟောတော်မူငြားကုန်သော်လည်း ဤအနိစ္စ,ဒုက္ခ,အနတ္တ တို့ကို အဘယ်ကြောင့် ဘုရားရှင်တို့သည် ဟောတော်မူကြပါသနည်းဟုပြောဆိုကြလျက်၊ တရားတော်ကို မနာလိုကြကုန်၊ တရားတော်ကို ယုံကြည်မှု မရှိကြကုန်။

ဘုရားရှင်တို့၏ တရားဒေသနာတော်ကို ယုံကြည်မှုမရှိခြင်းကြောင့် ရှည်သော အသက် ရှိကုန်သော

သတ္တဝါတို့သည်၊ ထူးမြတ်သော တရားတော်ကို သိမြင်ခြင်းမရှိလေသော်၊ ဘုရား ရှင်တို့၏ အဆုံးအမ ဖြစ်သော ဘုရားဒေသနာတော်သည်၊ သံသရာဝဋ်ဆင်းရဲမှထွက်မြောက်ရာ၊ အဆုံးအမ မဖြစ်နိုင်တော့ပေ၊ ထို့ကြောင့် တသိန်းတန်းမှ အသက်ဖြစ်သော အသက်တန်းသည် ဘုရားပွင့်တော်မူရန် အချိန်ကာလ မဟုတ်ပေ။

တရာတန်းမှအောက်ယုတ်သော အသက်တန်းသည် ဘုရားပွင့်တော်မူရန်ကာလမဟုတ်၊ တရာတန်းအောက်ယုတ်သောအသက်တန်း၌ဖြစ်ကုန်သော သတ္တဝါတို့သည် ထူပြောသော ကိလေသာ ရှိကြကုန်၏၊ များသော ကိလေသာရှိကြကုန်သော သတ္တဝါတို့အား၊ ဘုရားရှင်တို့၏ အဆုံးအမ သြဝါဒသည် အဆုံးအမသြဝါဒ အရာ၌မတည်၊ ထို့ကြောင့် အနှစ်တရာတန်းအောက်ယုတ်သောအသက်တန်းသည် ဘုရားပွင့်တော်မူရန် ကာလ မဟုတ်၊

## ဘုရားပွင့်ရန်ကာလ

တသိန်းတန်းမှ တရာတန်းအတွင်းဖြစ်သော ကာလသည်၊ ဘုရားပွင့်တော်မူရာ ကာလဖြစ်လေသည်၊ တသိန်းတန်းနှင့်တရာတန်းအတွင်း၌ဖြစ်ကုန်သောသတ္တဝါတို့သည်၊ ဘုရားရှင်တို့၏ တရားဒေသနာတော်ကို ယုံကြည်စွာနာယူကြလျက်၊ တရားထူးကို သိကြရကုန်၏၊ ထို့ကြောင့် ပုထုဇဉ်အဖြစ်ဖြင့် ဘဝရာထောင် စည်းစိမ်ခံစားပျော်ပါး၍နေရသည်ထက် တရားသိမြင်သူ အမြင်

မှန်ရသူ အရိယာအဖြစ် တနေ့တရက် အသက်ရှည် ရခြင်းက မြတ်သည်ဟု ပညာရှိများ ဟောကြားခြင်း ဖြစ်သည်။

## ပြ^{ိ}ဏ္ဍာ

လင်းတပုံသဏ္ဍာန် တောင်ထွဋ်ကြီးဖြင့် မားမား စွင့်စွင့်ကြီးရှိသော ဂိဇ္ဈကုဋ်ခေါ် တောင်ကြီး ပေါ်မှ ရဟန်းတော်နှစ်ပါး ဆင်းသက် လာသည်ကို လွန်ခဲ့ သော နှစ်ပေါင်း နှစ်ထောင်ကျော်ခန့်၏ တနေ့သော နံနက်ခင်းဝယ် တွေ့ရှိရသည်မှာ လွန်စွာမှ ကြည်ညို ဘွယ် ကောင်းလှပေတော့သည်။

တနေရာသို့ အရောက်တွင် ရှေ့မှ ကြွလာ သော ရဟန်းသည် အသံအနည်းငယ် ထွက်လာသည် အထိ၊ ပြုံးရယ်တော်မူလေရာ၊ နောက်ပါးမှ ပါ၍လာသော ရဟန်းတော်က....

အိုု....အရှင်မောဂ္ဂလာန်၊ ဘာကိုမြင်၍ စိတ်တွင်တွေ့ ပြီး၊ ပြုံးရယ်ပါသနည်းဟု မေးလေ၏၊ ထိုအခါ ရှေ့ မှကြွလာသော အရှင်မောဂ္ဂလာန် မထေရ် ရဟန်း တော်က။

ငါ့ရှင် ...လက္ခဏ၊ ဒီအကြောင်းကို မေးဘို့ အချိန် မကျသေးပါ၊ မြတ်စွာဘုရား၏ ရှေ့ မှောက်မှ မေးပါ တော့ဟု ပြန်လည်ပြောကြားလေသည်။ ထိုအချိန်ဝယ် မြတ်စွာဘုရားသခင်မှာ၊ ဝေဠုဝန် ကျောင်းတော်ဝယ်၊ သီတင်းသုံး၍ နေတော်မူဆိုက်ဖြစ်လေသည်။

သို့နှင့်၊ ရဟန်းတော် နှစ်ပါးဖြစ်သော အရှင်မောဂ္ဂလာန်နှင့် အရှင်လက္ခဏတို့သည်၊ ရာဇဂြိုဟ်မြို့တွင်းသို့ လှည့်လည်ကာ၊ ဆွမ်းခံကြပြီးမှ မြတ်စွာဘုရား ရှိရာ၊ ဝေဠုဝန်ကျောင်းတော်သို့ လာခဲ့ကြပြီး၊ မြတ်စွာဘုရားအား ရှိခိုးဦးချကာ ထိုင်၍နေကြလေ၏။

ထိုအခါဝယ်၊ အရှင်လက္ခဏက ယခင်ပြုံးရယ်ခြင်း အကြောင်းကို အရှင်မောဂ္ဂလာန်အား မေးတော်မူ၏။

ငါ့ရှင်- လက္ခဏ၊ ဂိဇ္ဈကုဋ်တောင်မှ အဆင်းဝယ် ငါသည် ကိုယ်လုံး ကိုယ်ထည် အလွန် ကြီးမားကာ၊ သုံးဂါဝုတ်မျှရှိသော ပြိတ္တာကြီးတကောင်ကို မြင်ခဲ့ပေသည်၊ သူ၏ကိုယ်မှာ လူ့ကိုယ်နှင့် တူသော်လည်း၊ သူ၏ဦးခေါင်းမှာမူ ဝက်နှင့်တူ၏၊ သူ၏ အမြီးကားပါးစပ်ထဲမှာပေါက်၏၊ ပါးစပ်မှ ပိုးလောက်များ တဖွားဖွား ထွက်ကျလျက်ရှိ၏။ သည်သတ္တဝါမျိုးကိုဘယ်တုန်းကမှ မမြင်ဘူးပါ၊ ဒါကြောင့် အံ့ဩသတ္တဝါကြီးကို မြင်မိသဖြင့် ငါရယ်မိပါသည်ဟု အရှင်မောဂ္ဂလာန်က ဖြေကြားတော်မူလေသည်။

မြတ်စွာဘုရားက၊ ရဟန်းတို့ ငါ့တပည့်များကား၊ မျက်စိအမြင်ရှိပေစွ၊ ငါဘုရားသည် ဗောဓိမဏ္ဍိုင်မှာ နေစဉ်ကပင်၊ ထိုဝက်ပြိတ္တာကို မြင်ခဲ့၏၊ သို့သော်-မကြည်သောသူတို့အား၊ အကျိုးယုတ်အံ့စိုး၍ မဟောကြားဘဲနေခဲ့ပေသည်၊ ယခုမူကား၊ မောဂ္ဂလာန်ကို သက်သေပြု၍ ဟောကြား ပေအံ့ဟု မိန့်တော်မူပြီး၊

ရဟန်းများတောင်းပန်သဖြင့် ဝက်ပြိတ္တာ၏ အတိတ်ကံ အကြောင်းကို ဖွင့်ပြောကြားတော်မူ၏။

ဤဘဒ္ဒကမ္ဘာ၏ လွန်ခဲ့သော အန္တရကပ်ဝယ်၊ ပွင့်တော်မူခဲ့သော ကဿပ မြတ်စွာဘုရား လက်ထက်တော်ဝယ်၊ မထေရ်နှစ်ပါး တို့သည်၊ အလွန်ရင်းနှီးခင်မင်စွာ အညီအညွတ် နေခဲ့ကြလေသည်။ အကြီး မထေရ်မှာ ဝါတော်(၆၀)ရှိ၍၊ အငယ်မှာ(၅၉)ဝါ ရရှိပြီး ဖြစ်လေသည်။ အငယ်မထေရ်သည် အကြီး၏ ဝတ်ကြီးဝတ်ငယ်ကိုပြုရကာ၊ သာမဏေကဲ့သို့ ဆောင်ရွက်ပေး၏။ ၎င်းတို့နေရာ ကျောင်းသို့ တနေ့သော အခါဝယ်၊ ဓမ္မကထိက ကိုယ်တော်တပါး ရောက်၍ လာလေသည်။

ထိုနေ့ကား၊ တရားပွဲရှိသော နေ့တနေ့ ဖြစ်လေသည်၊ မထေရ်နှစ်ပါးက ဓမ္မကထိက ကိုယ်တော်အား ချီးကြူး၍ ပြောက်စား၊ သူတော်ကောင်း ငါတို့အား တရားဟောပါဟုတောင်းပန်၍၊ ထိုပုဂ္ဂိုလ်ဟောသော တရားကိုနာယူကြ၏၊ မထေရ်နှစ်ပါးကား ဓမ္မကထိက ရပေပြီဟု ဝမ်းသာအားရဖြစ်ခါ၊ ကျောင်းပတ်ဝန်းကျင်၊ရွာများသို့ ဆွမ်းခံ ထွက်ရာတွင် ခေါ်ဆောင်၍ သွား၏။ ပဌမနေ့တွင် တရွာသို့သွား၏၊ နောက်တနေ့ တွင်အခြားတရွာသို့ သွား၏။ ဤသို့ ဆွမ်းခံရင်း ဓမ္မကထိကအား တရားဟောခိုင်း၏။ လူအများကလည်း နောက်နေ့နောက်နေ့များအတွက် ဘိတ်မန်ကြ၏။

ဓမ္မကထိကသည်၊ စိတ်သဘောထားနူးညံ့သိမ်မွေ့လှပွားသော မထေရ်နှစ်ပါးအား ကျောင်းမှထွက်သွားစေပြီး ကျောင်းကိုရအောင် အကြံထုတ်လျက် ရှိလေသည်။ တနေ့တွင် ဓမ္မကထိကကိုယ်တော်သည် မထေရ်ကြီးထံမှ အခြား ရဟန်းများနှင့်အတူ ပြန်လာပြီးမှ တကြိမ်ထပ်၍သွားပြီး၊ အရှင်ဘုရား ပြောစရာ ရှိပါသည်ဘုရားဟုလျှောက်၏၊ မထေရ်ကြီးက ကိုယ်တော် ပြောစရာရှိလျှင် ပြောသာပြောပါဟု ဆိုသောအခါ တခုခုကို စဉ်းစား သကဲ့သို့ လုပ်၍ မကောင်းပါဘူးလေ မပြောတော့ပါဘူးဟုဆိုခါ ပြန်လာခဲ့၏၊

မထေရ်ငယ် ထံသို့လည်းသွားခါ၊ ထိုနည်းအတိုင်း လုပ်၏၊ ဤသို့ နှစ်ခါ သုံးခါ လုပ်လေသော်-တနေ့တွင် မထေရ်ကြီးက စိတ်စနောင့်စနင်း ဖြစ်ပြီး၊ ကိုယ်တော် ပြောစရာရှိတာ ပြောပါဟု မရမက ပြောခိုင်းလေရာ၊ မပြောခြင်ပြောချင်လုပ်လျက်၊ ဓမ္မကထိကကိုယ်တော်က တိုးတိုးကလေး လျှောက်ထားလေ၏။

အရှင်ဘုရား၊ မထေရ်ငယ်နှင့် အတူ သုံးဆောင်မှု ရှိပါရဲ့လားဘုရား၊ သူကတပည့်တော်ကို ကိုယ်တော်ကြီးကို ပေါင်းချင်ရင်ကြည့်ပေါင်းပါဟုပြောပါသည် ဘုရားဟု လျှောက်ထား ပြောကြား လေရာ၊ မထေရ်ကြီးက ငါတို့မှာ ယနေ့အထိ စိတ်သဘောတူ နေခဲ့ကြပါသည်၊ ငါ့အပေါ်မှာ အပြစ်မပြုပါဘူးဟု ပြောပင် ပြောသော်လည်း၊ စိတ်ထဲတွင်ကား မကောင်းလှဘဲ၊

ဒေါသဖြစ်လျက်ရှိလေသည်။ ဓမ္မကထိကသည် မထေရ်ငယ်အားလည်း၊ ထို့အတူ ပြောကာ ဒေါသဖြစ်ပြီး၊ ဗိတ်ပမ်းကွဲအောင် ပြုခဲ့လေသည်။

ဘယ်တုန်းကမျှတဦးနှင့်တဦးခွဲကာသွမ်းခံဝင်လေ့မရှိသော မထေရ်နှစ်ပါးမှာ နောက်တနေ့ဝယ် စရပ်တွင်ဆုံကြရာမှမထေရ်ငယ်က မထေရ်ကြီး၏ သပိတ်သင်္ကန်းကို လှမ်းယူရ ကောင်းနိုး-မကောင်းနိုးစဉ်းစားကာ မထေရ်ကြီးထံကပ်သွားလေကာ၊ သပိတ်သင်္ကန်းကိုလှမ်းယူ၏၊ ထိုအခါ မထေရ်ကြီးသည်၊ အို - ဆိုနိုင်ခက်သောသူ သွားလေလော့၊ ငါ၏သပိတ် သင်္ကန်းကို မကိုင်နှင့်ဆိုလေရာ၊ မထေရ်ငယ်ကလည်း အရှင်ဘုရား တပည့်တော်ကို ဒီကျောင်းကိုများ မက်နေတယ် ထင်လို့လားဟုပြောကာ၊ သူ၏ သပိတ် သင်္ကန်းများကို ယူပြီးထွက်သွားလေ၏၊ မထေရ်ကြီးကလည်း ထို့အတူ ပြောကာ ထွက်သွားပြန်လေသည်။

မထေရ်နှစ်ပါးကား၊ တဦးကိုတဦးကျောခိုင်းကာ၊ တဦးကရှေ့သို့ တဦးကနောက်သို့ ကြွသွားကြလေကုန်၏။ မည်သည့်အခါကမျှ ခွဲခွါ၍မသွားဘူးသော ညီရင်းအကိုသဖွယ် ခင်မင်ရင်းနှီးကြသော ပုဂ္ဂိုလ်နှစ်ပါးမှာ ဓမ္မကထိက၏ဂုံးတိုက်ချက်ကြောင့် ကွဲခဲ့ကြရလေပြီ။

ဓမ္မကထိက ကိုယ်တော်ကား၊ အရှင်ဘုရားတို့ မတော်ပါဘူးဘုရား၊ ပြန်ကြွကြပါဘုရား၊ ဒီလိုမလုပ်ကြပါနှင့်ဘုရားဟု ဟန်ဆောင် ဆွဲလားငင်လား ချောက်

ကြွားလား လုပ်ဆောင် သော်လည်း၊ မထေရ်နှစ်ပါး ကား ပြန်မလာကြတော့ပေ။

ဓမ္မကထိက ရွာတွင်းသို့ ဆွမ်းခံဝင်လျှင် လူအများ က မထေရ်နှစ်ပါး ဘာကြောင့် မပေါ် လာကြောင်း မေးမြန်းရာ၊ သင်တို့ ကိုယ်တော်နှစ်ပါးသည် ညဉ့်အခါ က ရန်ဖြစ်ကြလေသည်၊ ငါတောင်းပန်သော်လည်း မ ရ၊ ထွက်သွားကြကုန်ပြီဟု ပြောလေရာ၊ ပညာ မရှိသူ များမှာ ကိုယ်တော်ပြောသည့်အတိုင်း၊ အဟုတ်မှတ်ကြ ကုန်၏။ ပညာရှိသူများကား ငါတို့ အရှင်ကောင်းများ မှာ ဘာအပြစ်မှု မတွေ့ဘူးပေ၊ ကေနှာ-ဒိကိုယ်တော် ရှုပ်မှာဘဲဟု တွေးတောကြကုန်၏။

မထေရ်နှစ်ပါးမှာလည်း ထွက်သွားသောနေ့မှစ၍ တနေ့မျှ စိတ်မချမ်းသာကြပေ၊ မထေရ်ကြီးက မထေရ် ငယ်သည်၊ မနေ့တနေ့ကမှ မြင်ရ ပေါင်းသင်းရသော ဓမ္မကထိကအား ဤစကားမျိုး ပြောရက် ပေသည်ဟု တွေး၍ စိတ်မကောင်း ဖြစ်နေသကဲ့သို့ မထေရ်ငယ်မှာ လည်း၊ ထို့အတူတွေးကာ စိတ်မကောင်းဖြစ်နေ၏၊ သို့ နှင့် စာပေကိုရင်း၊ တရားကိုရင်း အားမထုတ်နိုင်ဘဲ၊ နှစ်ပါးလုံး စိတ်မကောင်း ဖြစ်ခြင်းဖြင့် အနှစ်ပေါင်း ကာရာကျော်အချိန်ကြာခဲ့ကြလေရာ၊ တနေ့တွင်ကျောင်း တကျောင်းဝယ် အတူဆုံမိကြလေတော့သည်၊ နေရာ ထိုင်ခင်းပေးရာတွင် တကျောင်းထဲ တခန်းထဲအတူဆုံ မိစဉ်ဝယ်တဦးကိုတဦးမှတ်မိကာမျက်ရေကျကြကုန်၏

မထေရိငယ်သည် မထေရိကြီးအား၊ ရှိခိုးကာ တပည့်တော်သည် ဘယ်သော အခါကမျှ အရှင်ဘုရားတို့အား စိတ်ဖြင့်ပင်မပြစ်မှားခဲ့ဘူးပါလျက် ဓမ္မကထိကရဟန်းကို ဤသို့ ဘာကြောင့် ပြောပါသလဲ ဘုရားဟု လျှောက်၏၊ မထေရိကြီးက သူ-ဘာတခွန်းမျှမပြောမိကြောင်း သူ့အားလည်း ဓမ္မကထိက ကိုယ်တော်က မထေရိငယ်က ဤသို့ ပြောပါသည်ဟု ပြောကြောင်း ပြောပြလေရာ၊ သူမပြောရကြောင်း မထေရိငယ်ကရှင်းပြပြီး၊ ငါတို့ကို ကွဲပြားအောင် ပြုချင်လို့ ဂုံးတိုက်ခြင်း ဖြစ်ပေလိမ့်မည်ဟု သိရှိကာ၊ အနှစ်တရာပတ်လုံး စိတ်မကောင်းခဲ့ရသမျှ ထိုအခါမှ စိတ်ချမ်းသာ ကြရလေတော့၏။

မထေရ်နှစ်ပါးသည်၊ သင့်တင့်ညီညွတ်လျက် ဓမ္မကထိကအား ကျောင်းမှ နှင်ထုတ်ကုန်အံ့ဟု တိုင်ပင်၍ ပြန်သွားကြရာ ကျောင်းသို့ရောက်လေသော်၊ ဓမ္မကထိကရဟန်းသည် ဆီး၍ကြိုလေ၏၊ သပိတ်သင်္ကန်းတို့ကို လှမ်းယူ၏။ ထိုအခါ မထေရ်နှစ်ပါးက သင်သည် ဤကျောင်းဝယ်နေခြင်းငှါ မသင့်လျော်ပေဟု လက်ဖျစ်တီး၍နှင်ထုတ်လေသော် ဓမ္မကထိကမှာ ထွက်ပြေးရလေ၏။ ထိုရဟန်းသည် အနှစ် နှစ်သောင်း ပါတ်လုံး ကျင့်ခဲ့တဲ့ ရဟန်းတရားသည်လည်း တည်တန့် စေခြင်းငှါ မစွမ်းနိုင်ဘဲ၊ သေလေသော် အဝီစိငရဲ၌၊ တဆူသော ဘုရားရှင်၏အကြားကာလပါတ်လုံး၊ ခံခဲ့ရလေပြီးမှ

ဝိဉာဏ်ကုန်ဘောင်ဝယ်၊ ဝက်ပြိတ္တာဖြစ်ခါ ဆင်းရဲခံ၍နေ ရပြန်သည်ဟု မြတ်စွာဘုရားသည် မိန့်တော်မူပြီး၊ ဝစီ ဒုစရိုက်လေးပါးကို ရှောင်ကြဉ်ပြီး၊ နှုတ်ကို စောင့်စည်း သင့်ကြောင်း၊ ကိုယ်၊ နှုတ်၊ နှလုံး သုံးပါးလုံးကို စောင့် စည်းသင့်ကြောင်း စသည်ဖြင့် ဟောကြားတော် မူပြီး သည့် အဆုံး၌ အများပင်သောတာပန်စသည် ဖြစ် ကြရလေကုန်၏။

## ယမမင်းကြီး ရုံးထိုင်၍ စစ်ပြီ

ငရဲပြည်၌ ယမမင်းကြီး ဦးစီး၍၊ ငရဲသားတို့အား ဥပဒေစည်းကမ်းအရ ရုံးထိုင်စစ်ဆေးခြင်း။

ယခုအခါ၊ ဗုဒ္ဓ ရှင်တော် သာသနာတော်ကြီးနှင့် ဘဝဘကြွေ့ ကြုံတွေ့ကြရသည့်အခါ၊ စိတ်ကောင်းက လေးတခုအားပေါ သူတပါးက မသိမှုံးထားစိတ်ဖြင့် မကောင်းပြောသော်၊ ကိုယ်ကလည်း ပြန်ချေ ပသော် လည်း မအောင်နိုင်ငေးပါ၊ သူကပြောလျှင် ကိုယ်က သီးခံစိတ်ဖြင့် သူ့အား မေတ္တာပို့ပါ၊ မေတ္တာပို့လျှင် သူသည် မကြာမီ ဒုက္ခတွေ့တော့၏။ ကိုယ့်ကိုယ်လည်း ကယ်မသူ ပေါ်လာတော့သည်။ ဤကား တရား သ ဘောပင်တည်း။

ကိုယ်၏ချမ်းသာခြင်း၊ စိတ်၏ချမ်းသာခြင်းကို ခနိုင် စေရန် မကောင်းမှုနှင့်ရင်းနှီးရသည်မဟုတ်၊ ကောင်း မှုနှင့်သာ ရင်းနှီး ရှာဖွေရသည်ဖြစ်ရာ၊ ဤအချက်ကို သတိပြုရသည်၊ မကောင်းမှု ပြုလုပ်နေသော သူသည်

မကောင်းမှုကိုသာ ပွားများလျက်၊ တခဏမျှ စံစားရသောအကျိုးကိုခံစားရသောအခါ ပျက်စီးရသည်။

အကယ်၍များ ငရဲကျသွားမှဖြင့် လူ့ဘ၀ပြန်ရောက်ဘို့ခဲယဉ်းလှပေသည်။ လူပြည်၌ အကုသိုလ်အားကြီးသူကိုအရှင်လတ်လတ်ငရဲသားတို့လာဆဲ့တတ်ကြသည် ရေဝတီမင်းသွီးသည် ငရဲသို့ရောက်ပုံ ကြည့်ခြင်းအားဖြင့် သိနိုင်သည်။ သေခါနီးအခါ လူနီ-လူနက်ကြီးတွေလာပါသည်ဟု နိမိတ်ထင်လာလျှင် ငရဲသို့ လားကြရမည့်နိမိတ်ပင်ဖြစ်သည်၊ ဤနိမိတ် များသည် အခြား မဟုတ် ငရဲထိန်းတို့၏ လာခေါ်ယူဆောင်မှုပင်ဖြစ်သည်၊

ငရဲကြီးရှစ်ထပ်တွင် တဘုံတဘုံ၌ အငယ်ဆုံး ငရဲခံရာဌာနသည်၊ ယူဇနာများစွာ ကျယ်ဝန်းလျက် ရှိသည်၊ထိုဌာနကြီးဝန်းရံ၍ကုန်းရန်ကပတ်တောတောင်အရပ် မြေကွက်လပ်ကြီးတွင် အရပ်လေးမျက်နှာမှ ငရဲမင်းကြီးတို့၏ ရုံးတော်ကြီး တခုစီရှိ၏။

ငရဲမင်းဆိုသည်ကား၊ စတုမဟာရဇ် နတ်မျိုးတွင် အကြိုးဝင်သော ယာမာခေါ် နတ်ပြိတ္တာ တန်ခိုးကြီးပေသည်၊ အာ ယ်ပြိတ္တာမျိုးမဟုတ်၊

ငရဲထိန်းဆိုသူသည် စတုမဟာရဇ်ဘုံတွင် အကြိုးဝင်သောကြမ်းတန်းသောဘီလူးယက္ခမျိုးတို့ပေတည်း၊

လူပြည်မှစုတေ၍ ငရဲဘုံသို့ကျရောက်ကုန်သော သူတို့သည် ၂-မျိုးရှိ၏၊ အကုသိုလ်ကံ အားကြီးသောသူ တမျိုးမှာ လူပြည်က စုတေလျှင်၊ ငရဲခံရာ ဌာနသို့ ဦး

တိုက်ရောက်၍ငရဲဒုက္ခကိုခံကြရကုန်၏၊ (ငရဲမင်းကြီး ငရဲသိန်းတို့နှင့်မဆိုင်)။

အကုသိုလ်ကံ, ကုသိုလ်ကံ ရောနှောလျက် ရှိသော သူတို့မှာ လူ့ပြည်မှစုတေ၍ ငရဲဘုံသို့ရောက်ကြသော အခါငရဲခံရာဌာနသို့ တိုက်ရိုက်မရောက်ကြမူ၍ ဤမြေကွက်လပ်ကြီး၌ငရဲမင်းငရဲထိန်းတို့နှင့် စပ်ဆိုင်ကုန်၏၊

ငရဲထိန်းတို့သည် လူ့ဘုံမှ ငရဲပြည်သို့ သွားကြကုန်၍ မြေကွက်လပ်၌ ကျရောက် ကုန်သော ငရဲသားတို့ကို ဘမ်းယူကုန်ပြီးလျှင် ညှင်းဆဲခြင်းပြုကြကုန်၏။

ယာမမင်းကြီးကား၊ ဤလူ့ဘုံမှ ငရဲဘုံသို့သွားကြကုန်၍၊ရုံး ဇက်ရုံးထိုင်ကြကုန်၏။ထိုငရဲထိန်းတို့အပေါ်၌သင်ငရဲထိန်းတို့ သင်တို့သည် ငရဲသားတို့ကို ဘမ်းယူရရှိကြကုန်သည်ရှိသော် ငရဲအပြင်သို့မချကြကုန်လင့် ငါတို့ရုံးတော်မှစစ်ဦးမည်ဟု အမိန့်ပေးထားကြကုန်၏၊

ငရဲထိန်းတို့သည် ငရဲသားတို့ကို ယာမမင်းကြီး ရုံးတော်သို့ ပို့ကြရကုန်၏၊ရောက်ရှိလာသော ငရဲသားတို့ကိုသင်တို့သည် ရှေ့လူဖြစ်စဉ် လူ့ဘဝက ပြုခဲ့ကြသော ကုသိုလ်ကောင်းမှုများကို အာရုံပြု၍ အောင်းမေ့ကြကုန်သော ယာမမင်းသည် ဤသူတို့ လူဖြစ်စဉ်ဘဝက ဘယ်လိုကုသိုလ်မျိုးအားလုယ်ခဲ့ပါ သနည်းဟု နတ်မျက်စိဖြင့် ကြည့်ရှုကြပြန်၏၊

ငရဲသားတို့သည် လူ့ဘဝဖြစ်စဉ်က မိမိတို့ပြုခဲ့ဘူးသော ဒါန,သီလ,ဘာဝနာ စသော ကုသိုလ်စုတခုခုကို

အမှတ်ရကြ ကုန်သည်ရှိသော်၊ ထိုကုသိုလ်ကံသည် အာ ..ုံးပေးခွင့် ချက်ချင်းခဏာ ရရှိ၍သာ ထိုခဏာ၌ပင် ဉပ ..တ် ငရဲသားဘဝမှ စုတေ၍၊ လူဘဝ လူ့ပြည်သို့ ပြန် ရောက်လာကြပြန်၏။

အချို့ငရဲသားတို့သည်၊ ရဲမင်းကြီး ရှေ့ ရောက် သော် ကြောက်လန့်လျက်၊ ကုသိုလ်တရားများကိုအမှတ် မရနိုင်ကုန်၊ ထိုအခါ ငရဲခင်းကြီးက ထိုငရဲသားတို့၏ ရှေ့လူဘဝက ပြုခဲ့သောကုသိုလ်များ၌-မရှိကြည့်သော် တွေ့မြင်ခဲ့သော်၊ အသင်သည် လူဖြစ်စဉ် ရှေ့ဘဝက ဤ မည်သော ကုသိုလ်များကို ပြုလုပ်ခဲ့သည် မဟုတ်လော ဟုသတိပေးပြောကုန်၏၊ သတိပေးမှ ငရဲသားတို့က အ မှတ်ရကြကုန်၏၊ အမှတ် ရကြသော ခဏာ၌ပင်လျှင်၊ ငရဲသားဘဝမှစုတေ၍ လူ့ဘုံ လူ့ဘဝသို့ရင်း နတ်ဘုံ နတ်ဘဝသို့ရင်း ရောက်ကြကုန်၏၊

သတ္တဝါအားလုံးတို့နှင့် တကွ၊ ယာမမင်းကြီးတို့ကို အမျှပေးဝေခြင်းသည် အကယ်၍ အယူလွဲ ငရဲကျကြွား အံ့၊ ထိုအခါ ယာမမင်းကြီးက သင်သည်၊ ဘယ် ကုသိုလ်ပြုစဉ်အခါက ငါတို့ကို အမျှပေးဝေဘူးပါ၏ဟု ယာမမင်းကြီးက သက်သေခံသဖြင့် လူ့ဘုံသို့ရင်း၊ နတ် ဘုံသို့ရင်း၊ ပြန်ရောက်လာကြကုန်၏။

ထို့ကြောင့် ကုသိုလ်ပြုတိုင်း အမျှပေးဝေ ကြပါရန် သတိပေးရခြင်းဖြစ်ပါသည်။

(ဘဝစကြာ သံသရာ ဤတွင်ပြီး၏။)

အမှတ် ၁၀၉၉၅
ရက်စွဲ

## [illegible]စကြာသံသရာ

# ပွဲသိမ်းဒေသနာ

ပဏ္ဍာသမ္ဘာ ဆိုသသယန္တို၊
ပိုမ္ဗာတ္တို၊ သုမင်္ဂလာ။
နုသေန္တို၊ ဒုဂ္ဂတိံဂါမိံ၊
ပုရေန္တို၊ သမ္ပာယိကံ။

ပဏ္ဍာ၊ကိုယ်စိတ်ကိုယ်၌ ကိုယ့်ဒေသဒ္ဓါ၊ ပျော်ကြစံရာ သဏ္ဍာဝါဟု သမှတ်ရှိသည်။ သုသယန္တို၊ အိမ်မက်ရာ မက် ကောင်းစွာမက်၍ နှစ်သက်ကြည်သာ အိပ်စက် နိုင်ကြပါစေသတည်း။ သုမင်္ဂလာ၊ မင်္ဂလာကြက်သရေ ယှက်ဝေလန်းသဖြင့်။ စန်းပွင့်ကြကုန်သည်ဖြစ်၍။ ဝုဋ္ဌ ဟန္တို၊ ကောင်းစွာမိုးသောက်အလင်းရောက်လျက်၊ထ၊ မြောက်နိုးကြားပါစေသတည်း၊ဒုဂ္ဂတိံဂါမိံ၊အပါယ် ဒုဂ္ဂတိ ရောက်မည်အကြောင်း၊ မကောင်းညစ်ဆိုး၊ နုစ ရိုက်မျိုးကို၊ နုသေန္တို၊ သူတော်လက်နက် တရားစက် ဖြင့်ဖြိုဖျက် နိုင်ကြ ပါစေသတည်း၊ သမ္ပာယိကံ၊ အ လောင်းအလျာ ဖြည့်ကောင်းချသည့် သုံးဖြာဆယ်လီ ပါရမီအပေါင်း အကျင့်ကြောင်းကို၊ ပုရေန္တို၊ တဆင့် တက်တဆင့် ရင့်ထက်ရင့်၍၊ မလင့်မနှေး ဖြည့်ကျင့် နိုင်ကြပါစေသတည်း။

သာသနာရေးဦးစီးဌာန
စာကြည့်တိုက်
ကမ္ဘာအေး၊ ရန်ကုန်